ဘုမ္မာဝတီစာပေ

# မင်းသိင်္ခ



ဆားပုလင်းနှင်းမောင် နှင့်

# ဘုမ္မာဝတီ အရုပ်တော်

တတိယအကြိမ်

# ဆားပုလင်းနှင်းမောင်ပြောသော သရဲအကြောင်း

တစ်နေ့သ၌ ချောက်မြို့ ဂါတ်တဲဝင်းအတွင်းရှိ လွန်စွာကြီးမားသော မန်ကျည်းပင်ကြီးအောက်တွင် ဆားပုလင်းနှင်းမောင်ဆိုသည့် နိုင်ငံသိစုံထောက်တစ်ဦးသည် သူ၏ တယောပြားကလေးကို ထိုး၍ နေလေ၏။

သူ၏ စိတ်သည် သူ၏ တယောသံ၌ လုံးဝနှစ်မျော၍ နေ၏။ သူသည် အစပထမ၌ လက်စမ်းရုံမျှ တယောထိုးနေ၏။ အတန်ကြာသောအခါ သူ၏ လက်ချောင်းများ သည် လည်းကောင်း၊ သူ၏ ဘိုးတံသည် လည်းကောင်း လွတ်လပ်သွက်လက်စွာ ရှိလာ၏။ သူက ဖန်းတီးရသည် မဟုတ်ဘဲ ဘိုးတံနှင့် လက်ချောင်းတို့ သည် သူ့အလိုအလျောက် အထိန်းချုပ်မဲ့စွာ လှုပ်ရှားပျော်ပါးနေလေတော့၏။

ထို့ကြောင့် တယောသံသည် တငြိမ့်ငြိမ့်၊ တသိမ့်သိမ့်နှင့် နားထောင်၍ မငြီးနိုင်အောင် ရှိလေတော့၏။ ဆားပုလင်းနှင်းမောင်သည် တယောထိုးရင်း သူ၏ စိတ်ကို ပေ့ါပါးလွတ်လပ်သော သူ၏ တယောသံနှင့် အတူ ဗလာဟင်းလင်းသို့ လွှင့်လွှတ် လိုက်လေ၏။ လက်ချောင်းနှင့် ဘိုးတံမှ လည်း ငြိမ့်သော၊ သိမ့်သော သံစဉ်များကို အစဉ်တစိုက် ဖြစ်ပေါ်နေစေ၏။

ထိုသံစဉ်များ သည် အစဟူ၍ လည်းကောင်း၊ အဆုံးဟူ၍ လည်းကောင်း မရှိရကား ထိုသံစဉ်တို့ ၏ အတိတ်ဟူ၍ လည်းကောင်း၊ အနာဂတ်ဟူ၍ လည်းကောင်း မရှိတော့ဘဲ ပစ္စုပ္ပန်သာလျှင် ရှိလေ၏။ အကယ်

၍ စည်းဝါးလိုက်သူတစ်ဦးသည် ထိုတယောသံကို နားထောင်၍ စည်းဝါးလိုက်မည်ဆိုပါက အခါခပ်သိမ်း စည်းဝါးမိနေမည် ဖြစ်၏။

သို့ရာတွင် ထိုစည်းဝါးလိုက်သူကား ဤအသံသည် မည်သည့် နေရာကစ၍ မည်သည့် နေရာတွင် ဆုံးမည်နည်းဟု မေးလျှင်မူ ဖြေဆိုနိုင်လိမ့်မည်မဟုတ်ပေ၊ အဘယ့်ကြောင့် ဆိုသော် ဆားပုလင်းနှင်းမောင်၏ တယောထိုးခြင်းသည် ရည်ရွယ်ချက်မဲ့၊ သိမ်းပိုက်မှုမဲ့၊ မျှော်လင့်မှုမဲ့ထိုးခြင်းဖြစ်သောကြောင့် သူ၏ တယောသံ၌ အတိတ်၏ အာဃာတတရားများ ၊ အနာဂတ်၏ မျှော်လင့်မှု လောဘတရားများ မပါဘဲ ပကတိ ဖြူစင်သန့်ရှင်းသောကြောင့် ဖြစ်၏။

ဆားပုလင်းနှင်းမောင်ကိုယ်တိုင်ကလည်း သူ၏ တယောလက်သံကို “ အနာဘောဂ စရိယ ” မျှော်လင့်သိမ်းပိုက်မှုကင်းသော လက်သံဟု အမည်ပေးထားလေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် တယောထိုးခြင်းကို ရပ်နားလိုက်၏။

" ကောင်းလိုက်တာ အာစရိယာ "

ဆားပုလင်းနှင်းမောင် တယောထိုးနေသည် ကို မည်သည့် အချိန်ကလာရောက်နားထောင်နေမှန်းမသိသော ပုလိပ်ကလေး " ပါနောက် " က ချီးကျူးလိုက်ခြင်း ဖြစ်၏။

" ဟ . . . ပါနောက်ပါလား၊ ဘယ်အချိန်ကတည်းက ရောက်နေတာလဲ "

ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ မေး လိုက်လေ၏။

" ကြာပြီ ဆရာရဲ့ ၊ ဆရာ စပြီး တယောထိုးကတည်းက ကျွန်တော် ရောက်နေတာ၊ ဆရာ တယောထိုးတာကလည်း တယောထိုးတာနဲ့ မတူ

ဘူး၊ ကမ္ဘာ့ဌာန်းပွားများ နေသလိုပဲ၊ မျက်စိကလေးကိုမှိတ်ပြီး ဆရာရဲ့ လက်သံမှာ ဆရာကိုယ်တိုင် နစ်မြောနေတာတွေ့ရတော့ ကျွန်တော်ဖြင့် အနှောင့်အယှက်ပေးသလို ဖြစ်မှာ စိုးလို့ ချောင်းတောင်မဆိုးဝံ့ဘူး "

"ဟုတ်ပြီ ပါနောက်ရဲ့ ၊ ဘယ်လိုကနေ ဘယ်လို ငါ့နားရောက်လာတာလဲ ပြောစမ်းပါဦး"

ဟု ဆားပုလင်းနှင်းမောင်ကမေးရင်း သူ၏ အိတ်အတွင်းမှ ဂလေစီယာခေါ် ရေခဲတောင်တံဆိပ် စီးကရက်ကိုထုတ်ယူ၍ မီးညှိရှိုက်ဖွာ လိုက်လေ၏။

" ကျွန်တော် ညက ကင်းမစောင့်လို့ တိုက်ပိုင်ကြီးက ကျွန်တော့်ကို ခေါ်ပြီးဆူတာ၊ အဲ့ဒီမှာ သွားအဆူခံပြီး ဒီဘက်ကို လျှောက်လာတာ၊ ဆရာတယောထိုးနေတာတွေ့လို့ ကျွန်တော်က ဝင်နားထောင်နေတာပါ ဆရာရဲ့ "

ဟု ပါနောက်က ပြန်၍ ဖြေလေ၏။

"နေစမ်းပါဦး ပါနောက်ရဲ့ ၊ မင်းက ဘာဖြစ်လို့ ကင်းမစောင့်ရတာလဲ၊ ကိုယ်ကျတဲ့ တာဝန်ကို ပီပီပြင်ပြင် ထမ်းဆောင်ရမှာ ပေါ့ကွ "

ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ ပြောလေ၏။

" ဒီလိုရှိတယ် ဆရာကိုနှင်းမောင်ရဲ့ ၊ ကျွန်တော့်ကို ဘာပဲခိုင်းခိုင်း ကျွန်တော် လုပ်ရဲပါတယ်၊ ဒါပေမဲ့ ဒီဂါတ်မှာ ကင်းစောင့်ရမယ် ဆိုရင်တော့ ကျွန်တော် မစောင့်ချင်ဘူး "

ဟု ပါနောက်က ပြန်၍ ပြောလေ၏။

" ဘာဖြစ်လို့ မစောင့်ချင်ရတာလဲ ပါနောက်ရဲ့ "

ဟု ဆားပုလင်းနှင်းမောင်က မေးလေ၏။

"သရဲကြောက်တယ် ဆရာရဲ့ ၊ အထူးသဖြင့် ဟောဒီမန်ကျည်းပင်ကြီးက သရဲကို အကြောက်ဆုံးပဲ "

ဟု ပါနောက်က ပြန်၍ ပြောလေ၏။

"ဒီမန်ကျည်းပင်ကြီးမှာ သရဲရှိသလား "

"ရှိတာပေ့ါဆရာရယ်၊ ဆရာ အခု နေနေတဲ့ အိမ်ဟာ အရင်က ရာဇဝတ်အုပ် ကိုမြဖေနေတဲ့ အိမ်၊ ရာဇဝတ်အုပ် ကိုမြဖေရဲ့ မိန်းမက ဆိပ်ဖြူဘက်က ကျွန်တော်နဲ့ တစ်ရွာတည်းသားချင်းပေ့ါ ဆရာရဲ့ ၊ ကိုမြဖေမိန်းမ မလှကြည်ကို ဟောဒီမန်ကျည်းပင်ကသရဲက မျက်လုံးပြူးပြီး လှျာထုတ်ပြလိုက်တာ မလှကြည်ဟာ တစ်ခါတည်း မေ့လဲသွားတယ်၊ မနည်းကြီး နှာနှပ်ယူရတယ်၊ ပြီးတော့ တစ်လလောက်ဖျားသွားတယ်၊ အဲဒီကတည်းက မလှကြည် ရွာပြန်သွားလိုက်တာ ကိုမြဖေလိုက်ခေါ်လို့လည်း ပြန်မလာတော့ဘူး၊ အဲဒီကတည်းက သူတို့ နှစ်ယောက် ကွဲကြတာပဲ"

ဟု ပါနောက်က ပြောလေ၏။

"မင်းပြောတဲ့ အတိုင်းဆိုရင် ဒီမန်ကျည်းပင်ကသရဲဟာ တော်တော်ကြမ်းတာပဲ၊ မလှကြည်အပြင် တခြား ဘယ်သူ့ကိုခြောက်သေးသလဲ"

ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ မေး လိုက်လေ၏။

" ရာဇဝတ်အုပ်ဦးလတ်ကြီးကို သရဲက ဟောဒီမန်ကျည်းကိုင်းကြီးကိုခိုပြီး ပြဖူးတယ်၊ ဦးလတ်ကြီးက လန့်ပြီးအော်လိုက်တာ ငယ်သံကို ပါနေတာပဲ" ဟု ပါနောက်က ပြန်၍ ပြောလေ၏။

" အဲဒီရာဇဝတ်အုပ် ဦးလတ်ကြီးအပြင် တခြားဘယ်သူ့ကို ခြောက်သေးသလဲ"

ဟု ဆားပုလင်းနှင်းမောင်က မေးပြန်လေ၏။

" ဒေါင်ယံ့တိုက်မှာ နေတဲ့ ဒရဝမ်ကုလား စီတာရမ်းဆိုတဲ့ ကောင်က ညကြီးမိုးချုပ် ဦးလတ်အိမ်ကိုလာတာ ဒီမန်ကျည်းပင်ကသရဲက ဒီကုလားပေါ် ရေတွေလောင်းချတာ ကုလားလန့်ပြီး တစ်ခါတည်းထွက်ပြေးတာ သေတဲ့ အထိ ဂါတ်ဝင်းထဲကို မလာရဲတော့ဘူး "

ဟု ပါနောက်က ပြန်ပြောလေ၏။

ဆားပုလင်းနှင်းမောင်သည် မီးခိုးများကို မှုတ်ထုတ်ရင်း . . . .

" နောက် . . . . ဘယ်သူ့ကိုခြောက်သေးသလဲ "

ဟု ပါနောက်အား မေး လိုက်လေ၏။ ထိုအခါ ပါနောက်က. . . .

" အများကြီးပဲ အခြောက်ခံရတယ်၊ ကျွန်တော်မမှတ်မိတော့ဘူး"

ဟု ပါနောက်က ပြန်၍ ဖြေလေ၏။

"ကဲ. . . .ဒီလိုဆိုရင် နောက်ဆုံးတစ်ခုပဲ မေးတော့မယ်၊ ဒီမန်ကျည်းပင်က သရဲက မင်းကိုဘယ်လိုခြောက်သလဲ"

ဟု ဆားပုလင်းနှင်းမောင်က မေး လိုက်လေ၏။

" အမှန်အတိုင်းပြောရရင် ကျွန်တော့်ကို မခြောက်သေးဘူး၊ ကျွန်တော့်ဟာကျွန်တော် ကြောက်နေတာဆရာရဲ့ "

ဟု ပါနောက် ပြန်၍ ပြောလေ၏။

" မြန်မာပြည်မှာ သရဲဇာတ်လမ်းတွေက နားထောင်လိုက်ရင် ကိုယ်တိုင်အခြောက်ခံရတဲ့ ဇာတ်လမ်းက နည်းတယ်ကွ၊ သူတစ်ပါးအခြောက်

ခံရတာကို ပြန်ပြောတာကများ တယ် "

ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။ ထိုအခါ ပါနောက်သည် စိတ်ဆိုးသွားလေ၏။

" ဆရာကိုနှင်းမောင်က သရဲဆိုတာ မရှိဘူးလို့ ဆိုချင်တာလား "

ဟု ပါနောက်က မေးလေ၏။

"သရဲဆိုတာ မရှိဘူးလို့ မပြောလိုပါဘူးကွာ၊ ဘုရားဟောထဲမှာ "ပေတ" ဝတ္ထုဆိုတာပါတယ်၊ အဲ့ဒါဟာ သရဲအကြောင်းပဲ၊ အဲ့ဒါကိုမယုံဘူးဆိုရင် ဘုရားဟောကို မယုံဘူးဆိုတာ ဖြစ်သွားမှာ ပေါ့ကွာ၊ ပြီးတော့ ယောမင်းကြီး ဦးဘိုးလှိုင်လို ပညာရှိကလည်း "တစ္ဆေတ္ထဒီပနီ" ဆိုတဲ့ သရဲတစ္ဆေရှိကြောင်းကို ခိုင်မာတဲ့ ကျမ်းတစ်အုပ် ရေးသွားခဲ့ဖူးတယ်၊ အဲ့ဒီတော့ ဒီလောကမှာ သရဲတစ္ဆေမရှိဘူးဆိုတာ ပြောလို့ ဘယ်ဖြစ်မှာလဲကွာ၊ ပညာရှိပြောတဲ့ စကားကို မယုံသလို ဖြစ်တော့မှာ ပေါ့ "

ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ ပြောလေ၏။ ထိုအခါ ပါနောက်သည် ပို၍ စိတ်ဆိုးလာ၏။

" ဒီမှာ ဆရာကိုနှင်းမောင် ရှင်းရှင်းလုပ်ဗျာ၊ ဘူးလုံးနားမထွေး မလုပ်ပါနဲ့ ၊ ဒီလောကမှာ သရဲတစ္ဆေရှိလား၊ မရှိဘူးလား၊ ဆရာ့အနေနဲ့ ဘယ်လိုလက်ခံသလဲ၊ ဆရာ တည့်တည့်ပြောဗျာ"

ဟု ပါနောက်က ပြော လိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် ပါနောက်၏ မျက်နှာကို အကဲခတ်၍ ပြုံး လိုက်လေ၏။ ထို့နောက်. . .

"ဟေ့ကောင် ပါနောက်၊ သေချာနားထောင်၊ မင်းကို ငါ ပြောပြမယ်၊ တစ်ခါတုန်းက ငါဟာ ဘဏ်စာရေးကြီးတစ်ယောက်နဲ့ ဟိုဘက်ခန်း ဒီ

ဘက်ခန်း နေခဲ့ဖူးတယ်၊ အဲ့ဒီစာရေးကြီးဟာ ည (၉) နာရီလောက်ဆို သွားတိုက်တယ် ၊ ပလုတ်ကျင်းတယ်၊ ပြီးတော့ ကော်ဖီဖျော်တယ်၊ ပြီးရင် ကော်ဖီသောက်တယ်၊ သောက်ပြီးတာနဲ့ ချောင်းဆိုးတော့တာပဲ၊ ချောင်းဆိုးပြီးရင် သူ့အခန်းတံခါးတွေ လျှောက်ပိတ်တာပဲ၊ ပြီးတော့ အိပ်တယ် ၊ အဲ့ဒီစာရေးကြီးနားမှာ ငါ (၇) နှစ်လောက် နေဖူးတယ်၊ စာရေးကြီးနာမည်က ဦးဘရင်တဲ့ ၊ တစ်နေ့မှာ စာရေးကြီးဟာ သူ့သမီးတွေနဲ့ အတူနေမယ်ဆိုပြီး တာမွေဘက်ကို ပြောင်းသွားရောဟေ့၊ ငါလည်း ည( ၉ ) နာရီလောက် ငါ့အခန်းကို ပြန်ရောက်လာတယ်၊ ဦးဘရင်ကြီး ပြောင်းသွားတာ ငါမေ့နေတယ်ကွ၊ ( ၉ ) နာရီကျော်ကျော်လောက်လည်း ကျရော့ဟေ့၊ ဦးဘရင် အခန်းက ပလုတ်ကျင်းသံတွေ၊ မျက်နှာသစ်တဲ့ အသံတွေ၊ ကော်ဖီဖျော်တဲ့ အသံ၊ တံခါးပိတ်တဲ့ အသံတွေ ငါ့နားနဲ့ ဆတ်ဆတ်ကို ကြားရတာကွ၊ အဲ့ဒီလိုကြားရပြီးတော့မှ ဦးဘရင်ကြီး ပြောင်းသွားတယ်ဆိုတာကို သတိရတယ်ဟေ့၊ အဲ့ဒါနဲ့ ငါလည်း မသင်္ကာလို့ သူ့အခန်းဘက်ကိုကြည့်တော့ သော့ခတ်ထားတယ်ကွ၊ အထဲမှာ အဘိုးကြီးမရှိတာ သေချာပါတယ်ကွာ၊ ငါ အသံတွေ ကြားလိုက်ရတာလည်း သေချာပါတယ်ကွာ "

ဟု ဆားပုလင်းနှင်းမောင်က ပြော လိုက်လေ၏။ ပုလိပ်ပါနောက်က . . . .

" အဲ့ဒါ ဆရာ့အခန်းဘေးက ဦးဘရင် ဆိုတဲ့ လူကြီးက သရဲလာခြောက်တာပေါ့ "

ဟု ပြော လိုက်လေ၏ ။

"အဲ့ဒါနဲ့ ငါလည်း နောက်တစ်နေ့ မနက်မိုးလင်းတော့ ဦးဘရင်ရဲ့ သမီးအိမ်ကို လိုက်သွားတာ၊ ဦးဘရင်ကြီး ဟိုမှာ သတင်းစာ ထိုင်ဖတ်နေ

တာကို တွေ့လိုက်ရတယ်၊ အဲ့ဒီတော့ ဦးဘရင်ဟာ အသက်ရှင်လျက်၊ မသေသေးဘူး၊ ဘယ်လိုလုပ်ပြီး ဦးဘရင် သရဲခြောက်မှာ တုံးကွ၊ သူမှ မသေဘဲ "

ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ ပြော လိုက်လေ၏။

"အဲ့ဒါဆိုရင် ဆရာကိုနှင်းမောင် ကြားရတဲ့ အသံက ဘယ်ကအသံလဲ ၊ဘယ်သူလုပ်တာလဲ"

ဟု ပါနောက် မေး လိုက်လေ၏။

" ဒီလိုကွ၊ ဦးဘရင်ကြီးဟာ အဲ့ဒီအခန်းမှာ နေ့စဉ်နေ့တိုင်း အချိန်မှန်မှန် ပြုလုပ်ခဲ့တဲ့ သင်္ခါရအမှုတွေဟာ ဝေ့ဗ်တွေအဖြစ်နဲ့ ကျန်ခဲ့တယ်၊ သူမရှိပေမယ့် အဲ့ဒီသင်္ခါရအမှုတွေဟာ အရှိန်ရပြီး ဆက်လက်လှုပ်ရှားတာပေါ့ကွ၊ အဲ့ဒါကိုမသိတဲ့ လူက သရဲခြောက်သလို အောက်မေ့ရတယ်၊ အမှန်က သရဲ မဟုတ်ဘူး "

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ပါနောက်က. . . .

"  ဒီမှာ ကိုနှင်းမောင်၊ ခင်ဗျား ရှင်းရှင်းဖြေဗျာ၊ ထွေလီကာလီတွေ လျှောက်လုပ်မနေနဲ့ "

ဟု ဒေါနှင့် မောနှင့် မေး လိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က. . . .

" မင်းကို ငါပြောဦးမယ်၊ မင်း သေသေချာချာ နားထောင်၊ တောထဲမှ သစ်ပင်နှစ်ပင် ကပ်လျက်ပေါက်နေတယ်၊ အဲ့ဒီသစ်ပင်နှစ်ပင်ရဲ့ သစ်ကိုင်းနှစ်ကိုင်းဟာ တစ်ကိုင်းနဲ့ တစ်ကိုင်း ကပ်လျက်ထိနေကြတယ်၊ လေတိုက်တဲ့ အခါတိုင်းမှာ တစ်ကိုင်းနဲ့ တစ်ကိုင်း ပွတ်ကြိတ်ပြီးတော့ တကျွီကျွီနဲ့ မြည်တယ်ကွ၊ နှစ်ပေါင်းများ စွာ မြည်လာတယ်ဆိုပါတော့ကွာ၊ တ

စ်နေ့မှာ သစ်ခုတ်သမားဟာ အဲ့ဒီသစ်ပင်နှစ်ပင်လုံးကို ခုတ်ပစ်လိုက်တယ်၊ တစ်ပင်က မန္တလေးသစ်ခွဲစက်ကို ပါသွားတယ်၊ တစ်ပင်က ရန်ကုန်သစ်ခွဲစက်ကို ပါသွားတယ်၊ မန္တလေးကိုပါသွားတဲ့ သစ်ကလည်း ခွဲပြီးတော့ မန္တလေးမှာ အိမ်ဆောက်တယ်၊ ရန်ကုန်သစ်စက်ကို ပါသွားတဲ့ သစ်ပင်ကလည်း သစ်ခွဲစက်မှာ အခွဲခံရပြီး အိမ်ဆောက်တဲ့ ဆီကို ပါသွားတယ်၊ မန္တလေးမှာ ဆောက်တဲ့ အိမ်က သစ်သားကလည်း အိမ်လဲဆောက်ပြီးရော တကျွိကျွိနဲ့ မည်တော့တာပဲ၊ ရန်ကုန်မှာ ဆောက်တဲ့ အိမ်ရဲ့ သစ်သားကလည်း တစ်ကျွိကျွိနဲ့ မြည်တော့တာပဲ၊ အဲ့ဒါကိုမသိတဲ့ လူတွေက"သစ်ခြောက် "လို့ ပြောနေကြတာ၊ အမှန်ကတော့ သစ်ကိုင်းနှစ်ကိုင်း နှစ်ပေါင်းများ စွာ ပွတ်ကြိတ်ပြီး မြည်လာတဲ့ အသံဟာ (ဝေ့ဗ်) အဖြစ်နဲ့ ဆက်ပြီးမြည်နေတာ၊ ဘာသရဲမှ မဟုတ်ဘူး ကွ၊ မြည်တာက တစ်နေ့လုံးမြည်တာပဲ၊ နေ့ဘက်မှာ တခြားအသံတွေနဲ့ ဆိုတော့ မကြားရဘူး၊ ညဘက်မှ ကြားရတော့ ခြောက်သလိုဖြစ်နေတာပေ့ါ၊ အဲ့ဒီ တကျွိကျွိနဲ့ မြည်တဲ့ သစ်သားကို သံချောင်းနဲ့ ရိုက်လိုက်တော့ မမြည်တော့ဘူးကွ၊ တချို့ကတော့ သစ်မင်းတွေ ဘာတွေနဲ့ ရိုက်တာပေ့ါကွာ၊ သစ်မင်းနဲ့ မရိုက်ဘဲ လေးလက်မသံနဲ့ ရိုက်လည်း ရပါတယ်၊ မမြည်နိုင်တော့ပါဘူး
"

ဟု ပြော လိုက်လေ၏။ ထိုအခါ ပါနောက်က ရှူးရှူးရှားရှား ဖြစ်လာပြီး . . . .

" ဒီမှာ ဆရာကိုနှင်းမောင် ရှုပ်ရှုပ်ယှက်ယှက်တွေ လျှောက်ပြောမနေနဲ့ ဗျာ၊ ခင်ဗျားအနေနဲ့ သရဲတစ္ဆေကို ယုံသလား မယုံဘူးလား၊ ဒါပဲပြော. . . . " ဟု ပြောလေ၏။

" သရဲတစ္ဆေနဲ့ ပတ်သက်လို့ မင်းကို ပြောစရာတွေ အများကြီးရှိတ

ယ်၊ တို့ လူမျိုးတွေဟာ သရဲနဲ့ တစ္ဆေကို ခွဲခြားပြီး နားမလည်ဘူးကွ၊ သရဲခြောက်တာကို တစ္ဆေခြောက်တယ်လို့ ပြောလို့ ပြော၊ ခွဲခွဲခြားခြား မသိကြဘူး၊ ခေါက်ဆွဲထုပ်ဆွဲပြီး အိမ်ပြန်လာတာ ထန်းပင်ကြီးနားလည်း ရောက်သွားရော သရဲက ခေါက်ဆွဲထုပ်ကို ဆွဲလုလို့ ခေါက်ဆွဲထုပ် ပါသွားတယ် ပြောလို့ ပြော "

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ . . . .

" အဲ့ဒါ မဖြစ်နိုင်ဘူးလား " ဟု ပါနောက်က မေးလေ၏။

" ဒီလို. . . . ငါ့လူရဲ့ သရဲဆိုတာ အင်္ဂလိပ်လို (ဂိုစ်) လို့ ခေါ်တာ၊ သူက ဘာမှ ထိလို့ ကိုင်လို့ မရဘူး၊ တစ္ဆေကတော့ အင်္ဂလိပ်လို (ဒီဗလ်) လို့ ခေါ်တယ်၊ သူက ထိလို့ ကိုင်လို့ ရိုက်လို့ နှက်လို့ ရတယ်၊ တစ္ဆေတ္ထဆိုတဲ့ ပါဠိစကားဟာ ရိုက်ပုတ်နှိပ်စက်တယ်လို့ အဓိပ္ပာယ်ရတယ်၊ ဒါကြောင့် တစ္ဆေဆိုတာ ရိုက်နှက်နှိပ်စက်တတ်တဲ့ မကောင်းဆိုးဝါးကိုခေါ်တာ၊ ပြီးတော့ သဘက်ဆိုတာ ရှိသေးတယ်ကွ၊ သူကတော့ အပျင်းကြီးတဲ့ တစ္ဆေတစ်မျိုးပါပဲ၊ သူ့ကိုတော့ အင်္ဂလိပ်လို (လေးဇီးဒီဗဲလ်)လို့ ခေါ်တယ်၊ နောက်ပြီးတော့ ပြိတ္တာဆိုတာ ရှိသေးတယ်ကွ၊ သူကတော့ ငတ်ကြီးကျတစ္ဆေတစ်မျိုးပဲ၊ သူ့ကိုတော့ (ဟန်းဂရီးဒီဗဲလ်)လို့ ခေါ်တယ် "

ဟု ဆားပုလင်းနှင်းမောင်က ပြော လိုက်လေ၏။ ထိုအခါ ပုလိပ်ပါနောက်သည် မခံမရပ်နိုင်အောင် ဒေါသထွက် လာလေတော့၏။

" ဒီမှာ ဆရာကိုနှင်းမောင်၊ တစ္ဆေသရဲရှိတာကို ခင်ဗျားမယုံဘူးလား၊ ဒါကိုပဲ ကျုပ် သိချင်တယ်၊ ပြောပါဗျာ "

ဟု ဆိုလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က.....

"ဒီမှာ ပါနောက်၊ မင်းကို ငါပြောရဦးမယ်၊ အဲဒါကတော့ မြေဘုတ်ဆို

တဲ့ အကြောင်းပဲ၊ ဒီကောင်က လူတွေဘာတွေ ချော်လဲရင် ခြေထောက်ကို လာပြီး ဖိထားတတ်တဲ့ မကောင်းဆိုးဝါးပဲ၊ သူ့ကို အင်္ဂလိပ်လို (အော့သ်စွမ်း) လို့ ခေါ်တယ်၊ အဲဒီကောင်က မေးရိုးရှည်ရှည်ကွ၊ သူ့လက်က ဒူးခေါင်းကိုကျော်တယ်။ မြေကြီးပေါ် လျှောက်သွားတဲ့ အခါ ဒူးကိုညွှတ်ပြီး လျှောက်လေ့ရှိတယ်၊ အတော်အကြည့်ရဆိုးတဲ့ မကောင်းဆိုးဝါးကောင်ပါပဲ တို့ မြန်မာတွေက မြေဘုတ်ဘီးလူးဆိုပြီး ခေါ်တယ်ကွ၊ မြေဘုတ်ဘီလူးရဲ့ ပုံကို ဆွဲထားတဲ့ ပုံတစ်ပုံရှိတယ်၊ မင်းကို ငါ ပြဦးမယ်"

ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် သူ၏ အိမ်ပေါ်သို့တက်၍ စာအုပ်တစ်အုပ်ယူ လာပြီး ပုလိပ်ကလေး ပါနောက်အား မြေဘုတ်ဘီလူး၏ ပုံကို ပြလေ၏။




ပုလိပ်ကလေးပါနောက်သည် ဆားပုလင်းနှင်းမောင်ပြသော မြေဘုတ်ဘီလူးပုံကို ကြည့်ပြီးနောက်.....

"အာစရိရဲ့ မြေဘုတ်ဘီလူးကလည်း မြေဘုတ်ဘီလူးနဲလည်း မတူဘူး၊ မျောက်နဲ့ တူတယ်"

ဟု ပြော လိုက်လေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က...

"နောက်ပြီးတော့ မင်းကို ပြောရဦးမယ်၊ သရဲလည်း မဟုတ်၊ နတ်လည်း မဟုတ်တဲ့ နတ်ပြာ၊ နတ်မွဲ၊ နတ်ဆင်းရဲ ဆိုတဲ့ ကောင်ရှိသေးတယ်

ကွ၊ သူ့ကိုလည်း (ချမ်း) လို့ ခေါ်တယ်၊ သူကတော့ ဦးထုပ်တွေဘာတွေပါ တယ်ကွ၊ နောက် အဲဒီကောင် တော်တော် နောက်တီးနောက်တောက်နိုင် တယ်၊ ပစ္စည်းတွေဘာတွေကျပျောက်ရင် သူက လက်နဲ့ အုပ်ထားတယ်၊ တစ်အောင့်လောက်ကြာမှ ထုတ်ပေးတယ်၊ မှ င်စာအသေးပေါ့ကွာ၊ ဟောဒီမှာ ပုံကြည့်" ဟု ဆိုကာ ပုံကိုပြပြန်၏။



ချမ်း (ခေါ်) မှင်စာအသေးစားပုံ


ထိုအခါ ပုလိပ်ကလေးပါနောက်က.....

"အဲဒါတွေ ပြောမနေပါနဲ့ ဆရာရယ်၊ ပြလည်း မနေပါနဲ့ ၊ သရဲသရဲ့ ယုံလားမယုံဘူးလားဆိုတာပဲ ပြောပါဗျာ "

ဟု ဆိုလေ၏။

"နောက်ပြီး မင်းကိုပြောရဦးမယ် ပါနောက်ရဲ့ ၊ မုန့်သည် တွေ အထူးသဖြင့် ဘိန်းမုန့်တို့ ခေါက်မုန့်တို့ လုပ်တဲ့ မုန့်သည် တွေ ပထမဆုံး မုန့်သေးသေးလေးလုပ်ပြီး ဖိုပေါ်မှာ တင်မြှောက်ထားတာ တွေ့ဖူးတယ်မဟုတ်လား၊ အဲဒါ ဖိုစောင့်နတ်ပေ့ါကွာ၊ အဲဒီဖိုစောင့်နတ်ကလည်း မကောင်းဆိုးဝါးပါပဲကွာ၊ ဒါပေမဲ့ သူက ပုံစံသိပ်ပြီး အချိုးမကျဘူးကွ၊ ဟောဒီမှာ ကြည့်..."

ဟု ဆိုကာ မီးဖိုစောင့်နတ်၏ ပုံကို ဆားပုလင်းနှင်းမောင်က ပြပြန်လေ၏။



## မီးပုံစောင့်နတ်ပုံ


"ကျုပ် သိပ်စိတ်ညစ်တယ်ဗျာ၊ ဆရာကိုနှင်းမောင်အနေနဲ့ သရဲသရွဲ့ ကို ယုံသလား မယုံဘူးလားဆိုတာကိုသာ ပြောပါတော့ဗျာ"

ပါနောက်က ပြောလေ၏။

"နောက်ပြီး မင်းကို ပြောရဦးမယ်ကွ၊ ရွာတွေ ဘာတွေဖန်ဆင်းပြီး

အုပ်စုနဲ့ ခေါ်တဲ့ သရဲသဘ္ဘေတစ်မျိုးရှိသေးတယ်ကွ၊ မြန်မာလို "ကြပ်" လို့ ခေါ်တယ်၊ အင်္ဂလိပ်လို ( ဘရောင်နီ) လို့ ခေါ်တယ်၊ နောက်ပြီးတော့ ပင်လယ်သမုဒ္ဒရာကိုစောင့်တဲ့ နတ်တစ်မျိုးရှိတယ်၊ ငါတို့ က"မေခလာ" လို့ ခေါ်တာပေါ့ကွာ။ သူ့ရဲ့ ပုံက ဟောဒီမှာ "

ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် ပင်လယ်စောင့်နတ်သမီး၏ ပုံကို ပြပြန်လေ၏။ ထိုအခါ ပုလိပ်ပါနောက်က....



မေခလာပုံ

"ဒီမှာ ဆရာကိုနှင်းမောင်၊ ခင်ဗျားကို ရှင်းရှင်းပဲပြောမယ်၊ ကျွန်တော့်ကို ပုံတွေလည်း ပြမနေနဲ့ တော့၊ သရဲသဘ္ဘေ နတ်တွေအကြောင်းလည်း ပြောမနေနဲ့ တော့၊ ဆရာ့အနေနဲ့ သရဲတစ္ဆေရှိတာကို ယုံသလား မယုံဘူးလား၊ အဲဒါပဲပြောတော့၊ ကျွန်တော်သွားတော့မယ် "

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က....

" မင်းကို ငါ့အနေနဲ့ သရဲတွေ တစ္ဆေတွေ မှ င်စာတွေ နတ်တွေ ကြပ်တွေ အကြောင်းလည်း ပြောပြချင်ပါတယ်၊ စုဆောင်းထားတဲ့ ပုံကလေး

တွေလည်း ပြချင်ပါတယ် "

ဟု ပြန်၍ ပြောလေ၏။

" တော်ပြီ. . . . တော်ပြီ၊ ကျွန်တော် သိချင်တာက ဆရာကိုနှင်းမောင် အနေနဲ့ သရဲတစ္ဆေကို ယုံသလား မယုံဘူးလား၊ ဒါပဲ "

ဟု ပုလိပ်ကလေး ပါနောက်က ပြောလေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် စီးကရက်ကိုဖွာရှိုက်၍ မီးခိုးများကို မှုတ်ထုတ်ရင်း အောက်ပါအတိုင်း အဖြေပေး လိုက်လေ၏။

"မယုံဘူး"

*

## ဘလေဇာကုတ်အနက်ဝတ်ထားသော လူတစ်ယောက်

တစ်နေ့သ၌ အင်းစိန် စီအိုင်ဒီရုံး၌ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် သူ၏ စားပွဲကို လက်သီးဖြင့် ဒိုင်းကနဲ ထုလိုက်ပြီးလျှင်. . . .

" ယူ အော အော ဒန်းကီးစ် မင်းတို့ အားလုံး မြည်းသတ္တဝါတွေဖြစ်တယ် ဂွတ်ဖော်နတ်သင်း. . . . တစ်စက်ကလေးမှ အားကိုးရတဲ့ အကောင်တွေ မဟုတ်ဘူး ၊ အကုန်လုံး သွားခေါ်စမ်း "

ဟု သူ၏ ပြာတာကို ခိုင်းလိုက်ရာ ပြာတာကလေးမောင်ညိုသည် စုံထောက်များ ရှိရာ ရုံးခန်းသို့သွားပြီးလျှင် . . . .

" ကဲ . . . . ဆရာတို့ ရေ၊ မင်းကြီးကတော့ ဆူနေပြီ၊ လက်ဖက်ခြောက်တစ်ထုပ်စီယူပြီး လာခဲ့ကြပါတဲ့ "

ဟု နောက်တီးနောက်တောက်ဖြင့် ဆင့်ဆိုခဲ့လေ၏။

ထိုအချိန်၌ ကျွန်ုပ် အိုင်ပီအောင်သင်းမှာ လစဉ်ပြုလုပ်ရန်ရှိသော "ခရင်မီနယ်ရီပို့ " ခေါ် ရာဇဝတ်မှုဆိုင်ရာ အစီအရင်ခံစာများ နှင့် " ခရင်မီနယ်ရီတန်း" ခေါ် ရာဇဝတ်မှုဆိုင်ရာ ပြန်တမ်းများကို ပြုစုနေသည် ဖြစ်ရာ မောင်ညို၏ ခေါ်သံကို ကြားသော်လည်း ထိုင်ရာမှ တော်တော်နှင့် မထဘဲ ဖြစ်နေလေ၏။ ကျွန်ုပ်အနီး၌ လည်း ရာဇဝတ်သားလောက၌ ဖိန့်ဖိန့်တုန်ရသော လက်ဝါးကိုကိုကြီး ဟု ခေါ်သည့် စုံထောက်အိုင်ပီတစ်ယောက်လည်း ရှိလေ၏။ ထိုအချိန်၌ ပြာတာမောင်ညိုသည် ကျွန်ုပ်တို့

နှစ်ဦးရှိရာ ရုံးခန်းသို့ ရောက် လာပြီးလျှင်. . .

"ဆရာတို့ နှစ်ယောက် လက်ဖက်ခြောက်တစ်ထုပ်စီယူပြီး မင်းကြီး ရုံးခန်းကို လာခဲ့ပါတဲ့ ၊ မင်းကြီးကတော့ဆူနေပြီ"

ဟု ပြောလိုက်ရာ . . . .

"ဘယ်လိုဆူနေတာလဲကွ" ဟု ဦးကိုကိုကြီးက မေး လိုက်လေ၏။ ထိုအခါ ပြာတာမောင်ညိုက . . . .

" ဘယ်လိုဆူနေတာလဲတော့ မသိဘူး၊ သူ့ပါးစပ်က ဒုန်းကီးတွေရော အုန်းသီးတွေရော ထွက်နေတာပဲ "

ဟု ပြောလိုက်ရာ၊ ဦးကိုကိုကြီးက . . . . .

" ခွေးကောင် . . . သွားတော့ " ဟု ဆိုကာ နှင်ထုတ် လိုက်လေ၏။

ထို့နောက် ဦးကိုကိုကြီးသည် ကျွန်ုပ်ဘက်သို့လှည့်ကာ .. . . .

" ကဲ. . . . အိုင်ဆေး ကိုအောင်သင်း၊ ပွဲထဲက လူပြက်တွေ ပြောသလိုပဲပြောတော့မယ်၊ တောင့်တတုန်းခါ ပေါ်ထွက်လာ သတ္တဝါခလေ့ စိတ်ချမ်းမြေ့တဲ့ မင်းကြီးကတော့ ကျွန်တော်တို့ ကို တောင့်တနေပြီ၊ သွားကြဦးစို့ "

ဟု ဆိုလိုက်သဖြင့် ကျွန်ုပ်လည်း စာရွက်များကို ဖန်တုံးဖြင့်ဖိကာ ဦးကိုကိုကြီးနှင့် အတူ မင်းကြီး၏ ရုံခန်းဆီသို့ ထွက်လာခဲ့လေ၏။

ရုံးခန်းဝသို့ရောက်လျှင် အတွင်းသို့မဝင်ဝံ့သေးဘဲ အင်္ကျီကြယ်သီးကို စုံစုံစေ့စေ့ တပ်ထားခြင်း ရှိ၊ မရှိ စစ်ဆေးရ၏။ ဦးထုပ်ကို တည့်ရ၏။ ခါးပတ်စောင်းကို နေရာရွှေ့ရ၏။ ဤသို့လျှင် အောက်လက်ငယ်သားတို့ ထုံးစံအတိုင်း လူကြီးနှင့် တွေ့ခါနီးလျှင် ပြုလုပ်ရသော

ပြုလုပ်ဖွယ်ရာများကို ပြုလုပ်ပြီးနောက် နှစ်ယောက်သား အခန်းသို့ပြိုင်တူဝင်ကြပြီးလျှင် မင်းကြီးအား ဆလံပေးလိုက်ကြရလေ၏။ ကျွန်ုပ်တို့ ရောက်သွားချိန်၌ အခန်းထဲ၌ လူစုံနေပြီ ဖြစ်၏။ စုံထောက် ရွှေသွား အောင်မြင့်၊ ဘိလပ်ပြန် ဆရာစိန်၊ ကိုတင်မြင့်၊ ကိုစိန်လှ စသည့် စုံထောက်များ သည် ခြေစုံရပ်၍ "အတင်းရှင်း" ဆွဲကာ မင်းကြီး၏ စားပွဲရှေ့တွင် စီတန်းနေကြလေ၏။ ကျွန်ုပ်တို့ လည်း ၎င်းတို့ နှင့် အတူဝင်၍ တန်းစီရလေ၏။

စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် ကျွန်ုပ်တို့ အား တစ်ဦးစီကြည့်လိုက်၏။ ပြီးနောက် သူ၏ မျက်နှာသည် စက္ကူကို လုံးခြေလိုက်ဘိသကဲ့သို့ ရှုံ့တွသွား၏။ ထို့နောက် . . . .

" အရင်အမှုတွေ မပေါ်သေးဘူး၊ နောက်ထပ် လူသတ်မှုတွေ ပေါ်လာပြီ၊ ငါးထပ်ကြီးဘုရားနားကဇရပ်မှာ ဟိုးလီးမန်း၊ ဘာခေါ်သလဲ "ဟု ပြောလိုက်ရာ စုံထောက်ကိုတင်ဝင်းက. . . .

"ဖိုးသူတော်ပါ မင်းကြီး"

ဟု ဖြေ လိုက်လေ၏။ ထိုအခါ စုံထောက်မင်းကြီးက . . . .

" ဖိုးသူတော် မဟုတ်ဘူး ၊ ဖိုးသူတော်ကို ကျွန်ုပ်ကောင်းကောင်း သိတယ်၊ ဖိုးသူတော်က လည်ပင်းမှာ ပုတီးရှိတယ်၊ ခေါင်းမှာ ဆံပင်မရှိဘူး ၊ သူဝတ်တဲ့ အဝတ်ဟာ ဘုန်းကြီးဝတ်တဲ့ အဝတ်မျိုးပဲဖြစ်တယ်၊ ဒါပေမဲ့ ဘုန်းကြီးလို အဝါရောင် မဟုတ်ဘူး ၊ ရိုးရိုးရှပ်အင်္ကျီ အဖြူရောင်နဲ့ လုံချည်က ပလိန်းအဖြူရောင် ဝတ်ထားတယ်၊ အဲ့ဒါကြောင့် သူ့ကို ဟိုးလီးမန်းလို့ ပြောတာ။ အဲ့ဒါ မြန်မာလို ဘာခေါ်သလဲ "

ဟု မေး လိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီး . . . .

" လူသူတော်လို့ ခေါ်ပါတယ် ဆာ " ဟု ဖြေလိုက်လျှင် . . . .

" ရက်စ် . . . . ရက်စ်၊ ဒီတစ်ခါ ကိုကိုကြီးပြောတာ မှန်တယ်၊ လူသူတော်. . . . လူသူတော်တစ်ယောက် ရင်ဘတ်မှာ ဓားထိုးခံရပြီး သေနေတယ်လို့ ဗဟန်းဂါတ်က ငါ့ကို အကြောင်းကြားတယ်၊ အဲ့ဒါ မောင်မင်းတို့ ဆင်းအော့ဖ်ကရိုင်း၊ အခင်းဖြစ်ပွားရာကို အခုချက်ချင်း သွားကြပါ၊ နောက်တစ်ခုက တရားခံကို တစ်လအတွင်း ဖမ်းမပေးနိုင်ရင် အားလုံးကို ရာထူးတစ်ဆင့်စီ လျှော့ပစ်မယ် "

ဟု မစ္စတာကရစ်ပင်က ပြော လိုက်လေ၏။

ထိုအခါ ကျွန်ုပ်တို့ စုံထောက်များ သည် ဇက်ကလေးများ ပု၍ ရှေ့ကလူ၏ ခေါင်းကို အကာအကွယ်ယူ၍ နောက်ကလူသည် သူ၏ မျက်နှာကို ဝှက်လေ၏။ ပြီးလျှင် မစ္စတာကရစ်ပင်က . . .

" မင်းတို့ အားလုံး ရာထူးလျှော့ကျမယ်ဆိုတော့ ကြောက်ကုန်ကြပြီ၊ သရဲနဲ့ တွေ့သလို ကြောက်ကုန်ကြပြီ မဟုတ်ဘူး လား "

ဟု မေး လိုက်လေ၏။

" ဟုတ်ပါတယ် သခင် " ဟု ပြိုင်တူ ဝိုင်း၍ ဖြေ လိုက်လေ၏။

" မောင်မင်းတို့ မြန်မာလူမျိုးတွေ သရဲကို အားကြီးကြောက်တယ်၊ ဂို့စ်တွေ၊ ဒီဗဲလ်တွေကို အားကြီးယုံတယ် "

ဟု မဆီမဆိုင် မေး လိုက်လေ၏။ အမှန်စင်စစ် မစ္စတာကရစ်ပင်သည် မြန်မာလူမျိုးများ သရဲတစ္ဆေယုံခြင်းကို မည်သည့်အချိန်ကပင် မျက်မုန်းကျိုးနေသည် မသိ။ အကြောင်းဆိုက်သည် နှင့် အပြစ်တင်လေတော့၏။ ထိုအပြစ်တင်သံသည် သူ၏ လက်အောက်တွင် အမှုထမ်းနေသော စုံထောက်များကိုသာ အပြစ်တင်ခြင်းမဟုတ်၊ မြန်မာလူမျိုးအများ စုကို

အပြစ်တင်ခြင်း ဖြစ်တန်ရာ၏။

ကျွန်ုပ်တို့ စုံထောက်များမှာ လည်း မစ္စတာကရစ်ပင်ကို ကြောက်လန့်၍ နေရသည် ဖြစ်ရာ မစ္စတာကရစ်ပင်က သရဲယုံသလားဟု မေးလျှင် . . . . . . .

" ယုံပါတယ် " ဟု ပြိုင်တူဖြေလိုက်ကြလေ၏။ ထိုအချိန်၌ . . . .

" မယုံဘူး"

ဟု ဖြေလိုက်သောအသံတစ်သံသည် အခန်းအပြင်မှ ထွက်ပေါ်လာသဖြင့် ကြည့်လိုက်ရာ အရပ်အမောင်းကောင်း၍ ကြေးနီရောင် အသားရှိပြီး မျက်လုံးမျက်ခုံးညိုမှောင်၍ နှာတံပေါ်ပြီးလျှင် ပိရိစေ့စပ်လှသော နှုတ်ခမ်းကိုပိုင်ဆိုင်သည့် မြန်မာဆန်သောယောက်ျားတစ်ဦးသည် ဘလေဇာကုတ်အင်္ကျီ အနက်ကိုဝတ်၍ တစ်ပတ်ရစ် ယောလုံချည် ခပ်နွမ်းနွမ်းကိုဆင်မြန်းကာ ချောကလက်ရောင် သက္ကလပ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်း၍ လွယ်အိတ်တစ်လုံးကိုလွယ်ကာ အခန်းအတွင်းသို့ ဝင်လာရင်း ပြောလိုက်ခြင်း ဖြစ်၏။

ထိုသူမှာ ကား ကျွန်ုပ်၏ ချစ်လှစွာသော မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်ဖြစ်ပေတော့၏။ ကျန်သောစုံထောက်များ သည် ဆားပုလင်းနှင်းမောင်ကို မလိုသောအကြည့်များ ဖြင့် ဝိုင်း၍ ကြည့်ကြသော်လည်း ကျွန်ုပ်နှင့် ကိုကိုကြီးမှာ မူကား ရင်ထဲဝယ် ကုလားဘုရားပွဲလှည့်သကဲ့သို့ ဒိန်းတပ်တပ်၊ ဒိန်းတပ်တပ်နှင့် ပျော်ရွှင်လျက်ရှိလေတော့၏။ ထို့နောက် ဦးကိုကိုကြီးသည် ကျွန်ုပ်၏ အနီးသို့ကပ်ကာ ခပ်တိုးတိုးလေသံဖြင့် . . . . .

" ကျုပ်တို့ မိတ်ဆွေကြီး ကိုနှင်းမောင်ရောက် လာပြီဗျို့၊ ဟိုးလီးမန်းအသတ်ခံရတဲ့ အမှု ဘာမှ မပူနဲ့ ၊ နေ့ချင်းညချင်းပေါ်မှာ "

ဟု ပြော လိုက်လေ၏။ ကျွန်ုပ်ကလည်း . . . . .

"မြေကြီးလက်ခတ်မလွဲပေါ့ ဦးကိုကိုကြီးရယ်"

ဟု ခပ်တိုးတိုး ပြန်ပြော လိုက်လေ၏။

စုံထောက်မင်းကြီး မစ္စတာကရစ်ပင်မှာ ဆားပုလင်းနှင်းမောင်၏ မျက်နှာကိုမြင်တွေ့လိုက်လျှင်. .

" အိုး. . . ဆားပုလင်းနှင်းမောင် ရောက်လာတာကိုး၊ ချောက်မြို့ဂါတ်ကိုပို့ထားတာ ဘယ်လိုကြောင့် ဒီကိုရောက်လာရတာလဲ "

ဟု မေးလိုက်လျှင် ဆားပုလင်းနှင်းမောင်က လွန်စွာအချိုးကျ၍ လွန်စွာပီသပြီး လွန်စွာမှ ကောင်းသော လေယူလေသိမ်းဖြင့် အောက်ပါအဓိပ္ပာယ်ရသော အင်္ဂလိပ်စကားကို ပြော လိုက်လေတော့၏ ။

" လန်ဒန်မြို့ ဆင်ခြေဖုံးဖြစ်တဲ့ ဆောက်သမ်တန်ပ့ါက်မှာ မွေးတဲ့ အင်္ဂလိပ်လူမျိုးတစ်ယောက်ဟာ မြန်မာပြည်မှာ စုံထောက်မင်းကြီးလာလုပ်ရပြီး သူရသတ္တိနဲ့ ပြည့်စုံတဲ့ မြန်မာလူမျိုးတွေကလည်း လူသတ်မှုကျူးလွန်နေလေတော့ သူ့ခမျာ သရဲအခြောက်ခံရသလို ဖြစ်နေရှာလို့ မြန်မာပြည်ပုလိပ်မင်းကြီးက အမြန်ဆုံး စီအိုင်ဒီကို လာခဲ့ပါ ဆားပုလင်းနှင်းမောင်ရေ့၊ ခင်ဗျားမလာရင်တော့ ကျုပ်တို့ ရာဇဝတ်မှုတွေကို လန့်ပြီး အရှင်လတ်လတ်က ခန္ဓာပျက်ရှာတော့မယ်လို့ မပြောရုံတစ်မယ် ကျုပ်ကို သံကြိုးရိုက်ခေါ်လိုက်လို့ ရောက်လာတာပဲ မစ္စတာကရစ်ပင်၊ ခင်ဗျားမယုံရင်လည်း ဟောဒီမှာ သံကြိုးကိုကြည့်နိုင်တယ် ၊ မျက်နှာဖြူပုလိပ်မင်းကြီးက ကျုပ်လိုရာထူးမရှိတဲ့ မြန်မာတစ်ယောက်ကို ပလိစ်ဆိုတဲ့ စကားလုံးလေး တစ်လုံးထည့်ပေးထားတယ်၊ အဲ့ဒီစကားကို အဓိပ္ပာယ်ဖွင့်ရမယ်ဆိုရင် စောစောက ကျုပ်ပြောတဲ့ အဓိပ္ပာယ်ထက် မနည်းဖွင့်ရမယ်

၊ ဒါတောင် လျှော့ပြီးဖွင့်ထားတာ "

ဟု ပြောဆိုကာ ကျွန်ုပ်တို့ ကဲ့သို့ ရိုသေစွာတန်းစီခြင်း၊ မတ်တတ်ရပ်ခြင်း၊ "အတင်းရှင်း"ဆွဲခြင်းတို့ ကို မပြုလုပ်ဘဲ ကုလားထိုင်ကိုဆွဲ၍ ထိုင် လိုက်လေ၏။ သူ၏ လွယ်အိတ်ကို မစ္စတာကရစ်ပင်၏ စားပွဲပေါ်သို့ ဗုန်းကနဲ တင် လိုက်လေ၏။ ကုတ်အင်္ကျီအတွင်းမှ ဂလေစီယာ (ခေါ်) ရေခဲတောင်တံဆိပ်စီးကရက်ကို ထုတ်ယူကာ မီးညှိ ရှိုက်ဖွာလိုက်လေ၏။ ပြီးလျှင် မီးခိုးများကို မျက်နှာကြက်ဆီသို့ မှုတ်ထုတ် လိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် စုံထောက်မင်းကြီး မစ္စတာကရစ်ပင်အား ကာကာလက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်ကုလားကို ဆက်ဆံသည် ထက်ပို၍ လေးစားမှုကိုမပြဘဲရှိလေ၏။ ဦးကိုကိုကြီးသည် ကျွန်ုပ်အနီးသို့ကပ်ကာ ခပ်တိုးတိုးလေသံဖြင့်. . ..

" အိုင်ဆေး . . . ကိုအောင်သင်း၊ ကျုပ်တို့ မှာ တော့ မင်းကြီးကိုကြောက်လိုက်ရတာ ချေးကို ချမ်းနေတာပဲ၊ ဆားပုလင်းနှင်းမောင်ကို ကြည့်စမ်း၊ ကြောက်တဲ့ အမူအရာမပြဘူးဗျာ၊ ကာကာဆိုင်မှာ လက်ဖက်ရည်ဝင်သောက်တဲ့ အတိုင်း ထိုင်နေလိုက်တာဗျာ၊ မင်းကြီးစားပွဲရှေ့မှာ ကျုပ်ဖြင့်အံ့ရော " ဟု ပြော လိုက်လေ၏။

" ကျုပ်တို့ နဲ့ ဆားပုလင်းနှင်းမောင်နဲ့ ကွာခြားတဲ့ အချက်ဟာ အဲ့ဒီအချက်ပဲ ဦးကိုကိုကြီး၊ ကျုပ်တို့ က လူကြောက်လူညံ့တွေ၊ သူက လူဝံ့လူစားဗျ၊ ဝံ့စားတဲ့ လူကို တော်ရုံတန်ရုံလူ အနိုင်မယူရဲဘူး "

ဟု ကျွန်ုပ်က ပြော လိုက်လေ၏။ မစ္စတာကရစ်ပင်သည် ဆားပုလင်းနှင်းမောင်ကို လှမ်းကြည့်လိုက်ပြီးနောက်. . . . .

" ဘယ်လိုလဲ ဆားပုလင်းနှင်းမောင်၊ သရဲတစ္ဆေဆိုတာကို မယုံဘူး

လား "ဟု မေး လိုက်လေ၏။

" သရဲတစ္ဆေဆိုတာကိုလည်း မယုံဘူး၊ အင်္ဂလိပ်အရာရှိကိုလည်း မယုံဘူး၊ အင်္ဂလိပ်အရာရှိကလည်း ဒီအမှုကို တရားခံပေါ်ရင် နယ်ဂါတ်ကို မပို့ပါဘူးလို့ ကတိပေးပြီးမှ တရားခံလည်း အပ်ရော အမှုလိုက်တဲ့ စုံထောက်ကို (၂၄) နာရီအတွင်း ချောက်မြို့ကို ပြောင်းမိန့်ထုတ်လိုက်တယ်၊ သရဲတစ္ဆေကို မယုံတာကတော့ ကျုပ်ရဲ့ ခေါင်းထဲက ဆင်ခြင်တုံတရားကြောင့် ပဲ "

ဟု ပြန်၍ ပြောလိုက်ရာ မစ္စတာကရစ်ပင်က ပခုံးနှစ်ဖက်ကိုတွန့်၍ လက်နှစ်ဖက်ကို ပက်လက်လှန် လိုက်လေတော့၏။

" အိုး . . . . ဟဲလ် . . . ကျွန်ုပ်တို့ အင်္ဂလိပ်အရာရှိတွေနဲ့ သရဲတစ္ဆေတွေကို အတူတူပဲလို့ ဆားပုလင်းနှင်းမောင်က ပြောချင်တာလား "

ဟု မစ္စတာကရစ်ပင်က မျက်နှာထိမျက်နှာထားနှင့် မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

" ခင်ဗျားတို့ ကို သရဲတစ္ဆေတွေနဲ့ တူတယ်လို့ ထင်တာ ကျုပ်တစ်ယောက်တည်း မဟုတ်ဘူး ၊ ကျုပ်တို့ မြန်မာလူမျိုးအားလုံး ထင်ကြတယ်၊ အဲ့ဒီထင်မြင်ချက် ပိုပြီး ခိုင်မာလာတဲ့ နေ့ဟာ ခင်ဗျားတို့ အိပ်ရာလိပ်လိပ်ပြီး ချွတ်ထားတဲ့ ဘောင်းဘီတွေ အမြန်ဆုံးပြန်ကောက်ကြဖို့ ပဲ၊ ခင်ဗျားတို့ ပြန်ရတော့မယ်၊ အဲ့ဒီတော့ မပြန်ခင်မှာ အမှုတွေမပေါ်လို့ ဦးနှောက်ခြောက်နေရင်တော့ ကျုပ်ကူညီမယ်၊ ကျုပ်မကူညီရင် ခင်ဗျားဆံပင်တွေ ကျွတ်ထွက်သွားမယ်၊ ကျွတ်ထွက်သွားရင် ခင်ဗျား ထိပ်ပြောင်သွားမယ်၊ အင်္ဂလန်ကိုပြန်သွားရင် ခင်ဗျားမိန်းမက ခင်ဗျားကို မှတ်မိမှာ မဟုတ်တော့ဘူး "

ဟု ပြောလိုက်လျှင် စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် ငိုရခ

က် ရယ်ရခက် ဖြစ်သွားလျက်. . . .

"ခင်ဗျားလို အထက်အရာရှိကို မကောင်းပြောတတ်တဲ့ လူကို ဘုရားသခင်က ဘာ့ကြောင့် ဖန်ဆင်းတော်မူသလဲဆိုတာ ကျုပ်ဖြင့် မစဉ်းစားတတ်တော့ဘူး"

ဟု ပြောလိုက်လျှင် ကျွန်ုပ်တို့ သည် မရယ်ဝံ့သဖြင့် ပြုံးစိစိကြီး လုပ်နေရသည် ဖြစ်ရာ ရယ်ချင်လျက် မရယ်ရသောဝေဒနာသည် မည်မျှ ဆိုးရွားကြောင်း ထိုအခါမှ သိမြင်ခွင့်ရလေတော့၏။

မစ္စတာကရစ်ပင်က . . . .

" ဒီမှာ ဆားပုလင်းနှင်းမောင်၊ ရန်ကုန်မြို့မှာ ရာဇဝတ်မှုတွေ အများကြီးဖြစ်နေတယ်၊ အခုပေါ် လာပြီ၊ ငါးထပ်ကြီးဇရပ်တစ်ခုမှာ ဟိုးလီးမန်း ဘာ . . .ဘာ လူသူတော်တစ်ယောက် သတ်သွားတဲ့ အမှု အခုဗဟန်းဂါတ်က အကြောင်းကြားနေတယ်၊ အဲ့ဒါကို အမြန်ဆုံးနည်းနဲ့ တရားခံလိုချင်တယ်"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က. . . .

" ဒီမှာ မစ္စတာကရစ်ပင်၊ ဒိုဘီအပ်ရင်တောင် အမြန်လိုချင်ရင် ဒိုဘီကုလားကို အမြန်ကြေးပေးရတယ်ဗျ၊ အခု ဒီအမှုကို ကျုပ်ကတရားခံဖော်ပါပြီတဲ့ ၊ ခင်ဗျားရဲ့ အမြန်ကြေးက ကျုပ်ကို အမြန်ဆုံးနယ်ဂါတ်ကို ပို့မယ်မဟုတ်လား"

ဟု ပြောလိုက်ရာ မစ္စတာကရစ်ပင်က . . . .

" တရားခံကို အမြန်ဆုံးဖမ်းပေးပါ ဆားပုလင်းနှင်းမောင်၊ ကျန်တာတွေ ကျန်တဲ့ ကိစ္စတွေ ကျုပ်အားလုံး တာဝန်ယူပါတယ်၊ နယ်ဂါတ်ကိုလည်း မပို့ပါဘူး "

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . . .

" ရယ်စရာပြောတာပါ မစ္စတာကရစ်ပင်၊ ကျုပ်က နယ်ဂါတ်တွေမှာ ပျော်ပါတယ်ဗျ၊ ကျုပ်ကနယ်ဂါတ်မှာ အပေါင်းအသင်းတွေ အများကြီးရှိတယ်၊ သူတို့ ကျုပ်ကို လွမ်းနေကြပြီဗျ၊ အဲ့ဒါကြောင့် အမှုပြီးရင် အကြောင်းရှာပြီးနယ်ပို့ပေးပါဗျာ"

ဟု ပြောဆိုကာ အခန်းအတွင်းမှ ထွက်သွားလေ၏။ ထိုအခါကျမှ ပင် မစ္စတာကရစ်ပင်သည် ကျွန်ုပ်တို့ အား . . . .

" မြည်းသတ္တဝါတွေ . . . လခယူပြီး ငိုက်မျဉ်းနေတဲ့ ကောင်တွေ၊ မင်းတို့လို စုံထောက်မျိုးတွေနဲ့ သာ ငါ စုံထောက်မင်းလုပ်ရရင် မကြာခင်အင်္ဂလန်ကို ဖင်လန်ပြီး ပြန်သွားရလိမ့်မယ်၊ အခုထွက်သွားကြ ၊ ငါးထပ်ကြီးဘုရားနား အမှုဖြစ်ပွားတဲ့ ဇရပ်ကြီးကို သွားကြ၊ စီအိုင်ဒီမှ တစ်ယောက်မှ မကျန်ခဲ့စေနဲ့ အကုန်သွားကြ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်တို့ လည်း ရုံးခန်းအတွင်းမှ သုတ်သီးသုတ်ပျာနှင့် ထွက်လာခဲ့ရလေတော့၏။

အပြင်သို့ရောက်သောအခါ ဆားပုလင်းနှင်းမောင်က. . . .

" ကဲ. . . အိုင်ပီရေ . . .မော်တော်ကားထုတ်ဗျာ၊ မောင်းတာတော့ ကျုပ်မောင်းပါ့မယ်"

ဟု ဆိုလိုက်သဖြင့် ကျွန်ုပ်လည်း စီအိုင်ဒီအတွင်းရှိ ကျွန်ုပ်၏ အိမ်မှ ကားကို သွား၍ ထုတ်ရလေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်သည် ကားကိုမောင်းလေ၏။ ၎င်း၏ ဘေးမှ ကျွန်ုပ်က ထိုင်၏။ ဦးကိုကိုကြီးသည် နောက်ခုံတွင် ထိုင်၏။

ဆားပုလင်းနှင်းမောင်သည် ကားကို ညင်သာစွာမောင်းလာ၏။ ထို

အချိန်၌ နောက်ခုံမှ ဦးကိုကိုကြီးအား ဆားပုလင်းနှင်းမောင်က . . .

" မမေးနဲ့ ဦးကိုကိုကြီး၊ ချောက်ဂါတ်မှာ ကျုပ်အားလုံး အဆင်ပြေတယ် "

" အိုင်ဆေး . . . ကိုနှင်းမောင်၊ ဦးကိုကိုကြီးက ဘာပြောသေးလို့ လဲ၊ ကျုပ်ဖြင့် မကြားလိုက်ပေါင်ဗျာ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က. . .

" ဦးကိုကိုကြီး တစ်စုံတစ်ခုပြောမလို့ လား မေးမလို့ လားမသိဘူးဗျ၊ ပါးစပ်ကဆေးလိပ်ကို ထုတ်လိုက်တာ တွေ့လိုက်တယ်ဗျ၊ အဖြစ်နိုင်ဆုံးကတော့ ချောက်ဂါတ်မှာ အဆင်ပြေရဲ့ လားလို့ မေးမယ်ထင်တာပဲဗျ၊ အဲ့ဒါကြောင့် ပြောလိုက်တာ "

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးသည် တဟဲဟဲရယ်လေ၏။ ထို့နောက်မှ ဦးကိုကိုကြီးက . . .

" အမှန်ပဲဗျို့၊ ကျုပ်က ကိုနှင်းမောင် ချောက်ဂါတ်မှာ အဆင်ပြေရဲ့ လားလို့ မေးမလို့ ပါ"

" နောက်တစ်ခွန်း မေးမှာ လည်း ကျုပ်မှန်းလို့ ရတယ်ဗျ၊ အဲ့ဒါလည်း မှန်မမှန် စမ်းသပ်ရအောင်ဗျာ။ မေးခွန်းကို စာရွက်နဲ့ ရေးထားပါ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဦးကိုကိုကြီးသည် သူ၏ မှတ်စုစာအုပ်ကို ထုတ်၍ တစ်လုံးနှစ်လုံး ရေးခြစ် လိုက်လေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က. . .

" ခင်ဗျား အမှန်မေးတဲ့ မေးခွန်းသာ ဖြစ်ခဲ့ရင်တော့ အကျောက်ခေါက်ဆွဲဆိုင်က အကျောက်နဲ့ မကြည်တို့ နေကောင်းရဲ့ လားလို့ မေးမှာ ပါဗျာ"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးသည် တဟားဟား ရယ်လေ၏။ ပြီးလျှင်သူ ရေးမှတ်ထားသော စာအုပ်ကို ကျွန်ုပ်သို့ပေးလိုက်ရာ အောက်ပါစာကိုတွေ့ရသဖြင့် ကိုနှင်းမောင်၏ ဉာဏ်ရည်ဉာဏ်သွေးကို အံ့သြရသေးတော့၏။

ချောက်မြို့ အကျောက်စားသောက်ဆိုင်မှ
အကျောက်နဲ့ မကြည် နေကောင်းကြရဲ့ လား

ထို့နောက် ကျွန်ုပ်က . . .

" ဘယ်လိုများ ကြိုသိနေတာလည်း အိုင်ဆေးရယ် "

ဟု မေးလိုက်လျှင် ဆားပုလင်းနှင်းမောင်က . . . .

" ဦးကိုကိုကြီး . . . အက်စ်အိုင်ပီ ဘဝတုန်းက ချောက်ဂါတ်မှာ နေဖူးတယ်လေဗျာ၊ အဲ့ဒီမှာ အဲ့ဒီစားသောက်ဆိုင်နဲ့ သူနဲ့ ခင်မင်ခဲ့တယ်ဆိုတာကို ကျုပ်က သိထားတယ်၊ မေးစရာရှိရင် ဒီအကြောင်းပဲ မေးရမယ်လို့ စဉ်းစားမိတာပေါ့"

ဟု ပြောပြီးလျှင် ဂလေစီယာ ရေခဲတောင်စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိရှိုက်ဖွာလိုက်ရာ မီးခိုးများ သည် ကားပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ထွက်သွားလေ၏။

" ဒီမှာ ကိုနှင်းမောင်၊ ကျုပ်တို့ ကို မစ္စတာကရစ်ပင်က သရဲတစ္ဆေယုံသလားလို့ မေးတော့ ကျုပ်တို့ ကလည်း ကြောက်ကြောက်လန့်လန့်နဲ့ ယုံတယ်လို့ ပြန်ပြီးဖြေနေရတာ၊ အဲ့ဒီအခါမှာ ခင်ဗျားက ဘယ်ကနေရောက်လာမှန်းမသိဘဲ မယုံဘူးလို့ ဝင်အော်လိုက်တယ်၊ တကယ်ပဲ ခင်ဗျားသရဲတစ္ဆေတွေကို မယုံဘူးလား"

ဟု ဦးကိုကိုကြီးက နောက်မှ နေ၍ မေး လိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

" လန်ဒန်မှာ ခြောက်တဲ့ သရဲတွေဟာ မြို့ပေါ်မှာ မခြောက်ဘူးဗျ၊ လန်ဒန်မြို့ရဲ့ အောက်စကပ်လို့ ခေါ်တဲ့ ဆင်ခြေဖုံးနေရာတွေမှာ ပဲ ခြောက်တယ်၊ ခြောက်ရင်လည်း စွတ်စိုထိုင်းမှိုင်းတဲ့ ဇွန်လမှာ ပဲ ခြောက်တယ် " ဟု ပြန်၍ ပြောလိုက်လျှင် ဦးကိုကိုကြီးက . . .

" ဒီမှာ အိုင်ဆေး၊ ခင်ဗျားကို ကျုပ် မေးတာက သရဲကို ယုံသလား မယုံဘူးလားလို့ မေးတာ "

ဟု ပြော လိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . . .

" သရဲခြောက်တယ်လို့ ပြောတဲ့ နေရာတွေမှာ ဒိုင်နမိုတစ်လုံးလောက် သွားထားပေးလိုက်ပါဗျာ၊ ပြီးတော့ အဲ့ဒိုင်နမိုကို မောင်းပေးလိုက်စမ်းပါ၊ သရဲခြောက်တယ်ဆိုတဲ့ သတင်းဟာ တစ်မုဟုတ်ချင်း ပျောက်သွားလိမ့်မယ် " ဟု ပြော လိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

" ဒီလိုတော့ မပြောနဲ့ အိုင်ဆေး ကားမောင်းသွားရင်းနဲ့ သရဲကားပေါ်ခုန်တက်တယ်ဆိုတာ ကြားဖူးတယ်ဗျ၊ ကားပေါ်မှာ ဒိုင်နမိုပါတာပဲဗျ၊ အိုင်ဆေးပြောတာ ဟုတ်နိုင်ပါ့မလား "ဟု ဦးကိုကိုကြီးက ပြန်၍ ပြော လိုက်လေ၏။

" အဲ့ဒီလို သရဲကားပေါ်ခုန်တက်ပါတယ်ဆိုတဲ့ သရဲအကြောင်းတွေကို နားထောင်လိုက်ရင် သရဲဟာ တံခါးပါတဲ့ ကားတွေကို ခုန်မတက်ဘဲ ဘတ်စ်ကားတွေ လော်ရီကားတွေပေါ်ချည်းပဲ ခုန်တက်တယ်ဗျ၊ ခုန်တက်ရင်လည်း နောက်ဘက်ကဘဲ ခုန်တက်လေ့ရှိတယ်၊ ခင်ဗျား သရဲ ဒိုင်နမိုနား လာကိုမလာရဲဘူး" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ.

. . .

" ထားပါတော့ဗျာ၊ ကျုပ်မေးတာ ဒါ မဟုတ်ဘူး ၊ ခင်ဗျားအနေနဲ့ သရဲကို ယုံသလား မယုံဘူးလား၊ အဲ့ဒါပဲ ပြောပါဗျာ "

ဟု ဦးကိုကိုကြီးက ပြော လိုက်လေ၏။

" ရာဇဝင်မှာ ပါတဲ့ သူရဲကောင်း ဥဒိန်ကျော်ခေါင်ဟာ သရဲဖြစ်သွားတယ်ဆိုပေမယ့် သရဲဘဝနဲ့ ကို စစ်တွေဝင်ပြီး တိုက်ပေးတယ်တဲ့ ၊ အဲ့ဒါကြောင့် ဘုရင်က လူစွမ်းကောင်းတွေကို ဆုချီးမြှင့်တဲ့ အခါ သူ့ကိုပါ ဆုတံဆိပ်တွေရတယ်လို့ ကြားဖူးတယ်ဗျ၊ ကြားဖူးတယ်ဆိုတာက ယောမင်းကြီး ဦးဖိုးလှိုင်ရေးတဲ့ တစ္ဆေဒီပနီမှာ အတိအလင်းဆိုထားတယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ အိုင်ပီဦးကိုကိုကြီးက . . .

" ဒီမှာ အိုင်ဆေး၊ ခင်ဗျားကို ကျုပ်မေးနေတာက ခင်ဗျား တစ္ဆေကို ယုံသလား မယုံဘူးလားလို့ မေးနေတာ "

ဟု ပြော လိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . . .

" ရှေးဟောင်းတရုတ်ပြည်ကြီးမှာ ဈေးဆိုင်ဖွင့်ပြီး ဈေးရောင်းတဲ့ လူတွေဟာ ရေခွက်ကလေး ထားလေ့ရှိတယ်ဗျ၊ ဘာ့ကြောင့် လည်း ဆိုတော့ တစ္ဆေသရဲတွေက လူယောင်ဆောင်ပြီး ဈေးလာဝယ်လေ့ရှိတယ်တဲ့ ဗျ၊ ဒ့ါကြောင့် ဈေးဝယ်တဲ့ လူက ပိုက်ဆံပေးလိုက်တာနဲ့ ဆိုင်ရှင်က အဲ့ဒီပိုက်ဆံကို ရေခွက်ထဲထည့်ကြည့်တယ်ဗျ၊ ပိုက်ဆံဆိုတာ စက္ကူ မဟုတ်ဘူး ဗျ ကြေးပြားကိုပြောတာ၊ တစ္ဆေဖန်ဆင်းတဲ့ ပိုက်ဆံက ရေပေါ်ပေါ်တယ်ဆိုပဲ၊ အဲ့ဒါဆိုရင် ပိုက်ဆံကိုနှိုက်ယူပြီး တစ္ဆေကို လှမ်းပေါက်တော့တာပဲ၊ စည်ပိုင်းတွေအိုးတွေစုံနေအောင် ဆဲတော့တာပဲ

အဲဒီအခါမှာ စျေးလာဝယ်တဲ့ သရဲတစ္ဆေတွေဟာ မျက်နှာငယ်လေးနဲ့ ထွက်သွားရရှာတယ်" ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက…

"အိုင်ဆေး အဲဒါတွေ မပြောနဲ့ဗျာ၊ ခင်ဗျား သရဲယုံသလား မယုံဘူးလားဆိုတာသာ ပြောပါဗျာ"

ဟု ပြော လိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က ….

" ကုန်းဘောင်ခေတ်တုန်းက ငအောင်ထွန်းဆိုတဲ့ လူတစ်ယောက်ဟာ တောလမ်းကိုဖြတ်ပြီး ထန်းရည်ဆိုင်ကိုသွားတာ လမ်းမှာ ခွေးနက်သရဲကြီးက ခြောက်ပါလေရောဗျို့၊ အဲဒီမှာ ငအောင်ထွန်းက ဓားမနဲ့ အတင်းလိုက်ပြီးခုတ်တယ်၊ ခွေးနက်သရဲက ကိုယ်ကိုကျုံ့ပြီး တွင်းထဲဝင်သွားတယ်၊ ငအောင်ထွန်းက တွင်းကို အတင်းတူးတော့တာပဲ၊ အဲဒီမှာ ပုတက်တစ်ကောင် ထွက်လာတော့တာပဲ၊ ပုတက်ခေါင်းကို ငအောင်ထွန်းက ဓားမနဲ့ ထုချလိုက်တယ်၊ ပုတက်သေကို ငအောင်ထွန်းဟာ ထန်းရည်ဆိုင်ကိုယူ လာပြီး ထန်းရည်ရောင်းတဲ့ ငချင်းခေါင်းရဲ့ မိန်းမကို အဲဒီပုတက်ကို ကင်ခိုင်းပြီး ဆီဆမ်းခိုင်းတယ်၊ ပြီးတော့ ငအောင်ထွန်းက ပုတက်ကင်နဲ့ ထန်းရည်ကို မြည်းတော့တာပဲ၊ များမကြာမီမှာ ပဲ ငချင်းခေါင်းမိန်းမဟာ ကိုယ်ဝန်ရှိတော့တာပဲ၊ ပြီးတော့ ကလေးမွေးတယ်၊ အဲဒီကလေး စကားပြောတတ်တဲ့ အခါမှာ ငအောင်ထွန်းက ထန်းရည်ဆိုင်ကိုရောက်သွားတယ် အဲဒီကလေးက ငအောင်ထွန်းကိုလည်း မြင်ရော အမေရေ…. ငါ့ကိုဂုက်ထားပါ၊ ငအောင်ထွန်းလာပြီ၊ ငါ့ကိုထန်းရည်နဲ့ မြည်းလိမ့်မယ်လို့ အော်ပြီးငိုရှာတယ်၊ အဲဒါကတော့ သရဲသေပြီး ငချင်းခေါင်းမိန်းမ ဗိုက်ထဲမှာ လူဝင်စား ပြန်ဖြစ်တာကိုပြောတာဗျ"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက….

"အိုင်ဆေး..... တစ်ဆိတ်ကလေး လွန်ပြီထင်တယ်ဗျာ၊ ကျုပ်မေးတာ တစ္ဆေသရဲကို ခင်ဗျားယုံလား မယုံဘူးလား၊ အဲဒါကိုပဲ ယတိပြတ်ဖြေဗျာ၊ ကျန်တာတွေကို မပြောနဲ့ တော့၊ ကျုပ်နားပိတ်ထားပြီ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ဦးကိုကိုကြီးကို လှမ်း၍ ကြည့်လိုက်ရာ ဦးကိုကိုကြီးသည် နားနှစ်ဖက်ကို လက်ဝါးဖြင့်ပိတ်ထားသည် ကို တွေ့ရလျှင် ကျွန်ုပ်မှာ ရယ်ရသေးတော့၏။

ထို့နောက် ဦးကိုကိုကြီးက နားကို အုပ်ထားသော လက်များကို ဖွင့်လိုက်လျှင် ဆားပုလင်းနှင်းမောင်က.....

" ဒီမှာ ဦးကိုကိုကြီး၊ ခင်ဗျားက နားတွေပိတ်ထားတော့ ဘယ်ကြားရမလဲဗျ၊ ကျုပ်ကဖြေပြီးပြီ" ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက....

" နိုး.....နိုး..... နိုး... အိုင်ဆေး လိမ်တာ၊ ဒါ သက်သက်ညစ်လုံးပဲဗျာ၊ ကျုပ် မေးတာကို ခင်ဗျား အခုထက်ထိ မဖြေရသေးဘူးလေ"

ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က.....

" မြင်းခြံမှာ အရေးပိုင် လုပ်သွားတဲ့ မျက်နှာဖြူတစ်ယောက်ဟာ ကျောက်ပန်းတောင်းက မျက်လှည့်ဆရာ " ပတ်သံကွင်း" ဆိုတဲ့ လူက သရဲခေါ်ပြဖူးတယ်လို့ ကျုပ်ကြားဖူးတယ်"

ဟု စကားစလိုက်သည် နှင့် ဦးကိုကိုကြီးသည် သူ၏ နားနှစ်ဖက်ကို လက်ဖြင့် ပိတ်ထား လိုက်လေတော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင် က. .

" ဒီမှာ ဦးကိုကိုကြီး၊ ခင်ဗျားသေချာနားထောင်၊ ကျုပ် အဖြေပေးမယ်၊ သရဲတစ္ဆေဆိုတာကို ကျုပ်မယုံဘူး၊ ဘာကြောင့် မယုံသလဲလို့ မမေးနဲ့ ၊ ကျုပ် သေသေချာချာ စဉ်းစားထားတဲ့ ပြဿနာဖြစ်တယ်"

ဟု ပြော လိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက....

" သြော်...." ဟု သာ ရေရွတ်နိုင်လေတော့၏။

"ခင်ဗျား သိပ်အံ့သြသွားသလား ဦးကိုကိုကြီး"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးကိုကိုကြီးက....

" ကိုနှင်းမောင် သရဲမယုံဘူးလို့ ဖြေမယ်ဆိုတာကိုတော့ ကျုပ်ထင်ထားပါတယ်ဗျာ။ မယုံတာကို မယုံဘူးလို့ မပြောဘဲ သရဲအကြောင်းတွေကို ရှည်ရှည်ဝေးဝေးကြီး လျှောက်ပြောနေတာကို အံ့သြလို့ ပါ"

ဟု ပြော လိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က.....

" ငါးထပ်ကြီးဘုရားတော့ ရောက်ပြီဗျို့၊ ဟောဟို ဇရပ်နဲ့ တူတယ်"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း လှမ်းကြည့်လိုက်ရာ နှစ်ထပ်တိုက် ဇရပ်ဟောင်းကြီးတစ်ခုကို တွေ့ရလေ၏။ နှစ်ထပ်တိုက် ဇရပ်အဝင်ဝတိုင်နားတွင် ပုလိပ်တစ်ဦးသည် ဗထက်ခြိုက်သေနတ်ကြီးတစ်ခုကို ပိုက်လျက် အိပ်ငိုက်နေသည် ကိုတွေ့ရလေ၏။

ထိုအချိန်၌ ဦးကိုကိုကြီးက. . . . .

" ဦးအောင်သင်းရေ.... ဟိုလူစုတော့ ရောက်နေနှင့် ပြီဗျို့၊ ဟိုမှာတွေ့လား၊ မော်တော်ဆိုင်ကယ်တွေ ထောင်ထားတယ်၊ ဟောဟိုမှာ ကိုစိန်လှ ပေကြိုးတိုင်းနေလေရဲ့ ၊ ဒီလူကတော့ စီအိုင်ဒီမှာ မလုပ်ဘဲ မြေတိုင်းဌာနမှာ လုပ်ရင် ကောင်းမယ်၊ ဟော . . . .ဟော အခင်းဖြစ်ပွားတဲ့ ဇရပ်ထဲကို ဝင်သွားကြပြီဗျို့. . . . "

ဟု ပြောသဖြင့် ကျွန်ုပ်လည်း လိုက်၍ ကြည့်ရလေ၏။

ဆားပုလင်းနှင်းမောင်သည် မော်တော်ကားကို ရပ်လိုက်၏။ ကျွန်ုပ်

နှင့် ဦးကိုကိုကြီးသည် ကားပေါ်မှ ဆင်းပြီးလျှင် ဇရပ်ဆီသို့ လျှောက်သွားကြ၏။ ကိုနှင်းမောင်သည် လည်း ကျွန်ုပ်တို့ နှင့် မလှမ်းမကမ်းတွင် လိုက်ပါလာ၏ ၊ ခြံအဝင်ဝ အုတ်တိုင်ကိုမှီ၍ ရပ်နေသော ပုလိပ်ကလေးသည် ခြေသံကြား၍ မျက်လုံးကိုဖွင့်ကြည့်ရာ ကျွန်ုပ်တို့ စုံထောက်အရာရှိများကိုတွေ့သဖြင့် ခြေကိုဆောင့်၍ ဖြောင်းခနဲ ဆလံပေး လိုက်လေ၏။ ကျွန်ုပ်တို့ လည်း ၎င်းရှေ့မှ ဝင်သွားကြ၏။ ထိုပုလိပ်ကလေးအနီးသို့ ဆားပုလင်းနှင်းမောင်ရောက်လာ၏။ ဆားပုလင်းနှင်းမောင်သည် ထိုပုလိပ်ကလေးကိုကြည့်ပြီးနောက် . . . . .

" မင်းတို့ ဂါတ်မှာ ပုလိပ်ကိုမောင်နု ရှိသေးလား "

ဟု မေး လိုက်လေ၏။ ထိုအခါ ပုလိပ်ကလေးက . . . . .

" မရှိတော့ပါဘူး ဆရာ၊ ပင်စင်ယူသွားပါပြီ အဲ့ဒီ ကိုနုဟာ ကျွန်တော့်အဖေပါပဲ" ဟု ပြန်၍ ဖြေလေ၏။

" ကိုမောင်နု အခုဘယ်မှာ နေသလဲကွ"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ရာ ထိုပုလိပ်ကလေးက . . .

"အရိုးကုန်းရပ်ကွက် ဒေါ်ဘွင့်လမ်းထဲမှာ ၊ လမ်းထဲဝင်သွားတာနဲ့ ပင်စင်စား ပုလိပ်သား မောင်နု ဆိုတဲ့ ဆိုင်းဘုတ်ချိတ်ထားပါတယ် "

ဟု ပြန်၍ ဖြေလေ၏။

" သူ့သားသမီးတွေ ငါ အကုန်သိပါတယ်၊ သူ့မှာ သမီးသုံးယောက်ပဲရှိပါတယ်၊ တစ်ယောက်က တာမွေဂါတ်က ပုလိပ်လေးနဲ့ အိမ်ထောင်ကြတယ်၊ တစ်ယောက်က သီတာလမ်းထိပ်က ဆိုက်ကားဆရာနဲ့ အိမ်ထောင်ကြတယ်၊ အကြီးမလေးဆိုရင် ဟိုတစ်နှစ်က ကိုယ်ဝန်ပျက်ကျသေးတယ်၊ ငါသူ့ကို ရင်းရင်းနှီးနှီး သိပါတယ်၊ ဒါပေမဲ့ မင်းကို ငါမသိဘူးကွ "

ဟု ဆားပုလင်းနှင်းမောင်ကပြောလိုက်ရာ. . . .

" ကျွန်တော့်အဖေက ပြီးခဲ့တဲ့ ရှစ်လလောက်ကမှ ကျွန်တော့်အမေနဲ့ အိမ်ထောင်ကြတာပါ၊ ကျွန်တော်က မယားပါ သားပါဆရာ၊ ဦးနုက ကျွန်တော့်ပထွေးပါ၊ ဒါပေမဲ့ ဒီလိုရှိပါတယ်ဆရာ၊ ကျွန်တော့်ပထွေးဦးနုနဲ့ ကျွန်တော့်အမေ ဒေါ်မြဟာ ငယ်စဉ်ကတော့ သမီးရည်းစားဖြစ်ခဲ့ကြသေးဆိုပဲ၊ ဒါပေမဲ့ ဖူးစာမပါလို့ မရခဲ့ကြဘူး၊ လွန်ခဲ့တဲ့ ရှစ်လလောက်က ကျွန်တော့်အမေကလည်း မုဆိုးမ၊ ကျွန်တော့်ပထွေးကလည်း မုဆိုးဖိုဆိုတော့ မုဆိုးမုဆိုးချင်း ပစ်ခတ်ဖမ်းကြတာနဲ့ တူပါတယ်ဆရာ "

ဟု ပြောလိုက်ရာ ဆားပုလင်နှင်းမောင်၏ မျက်နှာသည် ပြုံးယောင်သမ်းသွားလေတော့၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က . . . . .

" မင်းနာမည် ဘယ်လိုခေါ်သလဲ "

ဟု မေးလိုက်ရာ ပုလိပ်ကလေးက . . . . . .

" ကျွန်တော့်နာမည် မောင်မြနုပါ၊ အမေ့နာမည်ရော အဖေ့နာမည်ကော ပါအောင် ကျွန်တော် အသစ်မှ ည့်ထားပါတယ်"

ဟု ဆိုကာ ဆားပုလင်းနှင်းမောင်အား ပြန်၍ ကြည့် လိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က . . . . .

" မင်းတော်တယ်၊ လောကကြီးကို ရယ်စရာအဖြစ် မြင်တတ်တယ်၊ တစ်နေ့ မင်းကြီးပွားလိမ့်မယ်"

ဟု ပြောဆိုကာ နှုတ်ဆက်၍ ကျွန်ုပ်တို့ နောက်သို့ လိုက် လာလေတော့၏။

အလောင်းကြီးဘေးတွင် ကျွန်ုပ်တို့ စီအိုင်ဒီမှ စုံထောက်ကျော်များ

ဖြစ်ကြကုန်သော ဘိလပ်ပြန်ဆရာစိန်၊ ရွှေသွားအောင်မြင့်၊ ကိုတင်ဝင်း၊ ကိုလှစိန်တို့ သည် လက်ထဲတွင် မှတ်စုစာအုပ်ကိုယ်စီဖြင့် မည်သည့် အရာကို ရေးမှတ်နေကြသည် မသိ ရေးမှတ်နေကြလေ၏။ ၎င်းတို့ အနက်မှ ဘိလပ်ပြန်ဆရာစိန်သည် တမူထူးကဲကာ အလောင်းကြီး၏ အရပ်အမောင်းကို ပေကြိုးတိုင်းနေလေ၏။

ထိုအချိန်၌ ကျွန်ုပ်နှင့် ဦးကိုကိုကြီးတို့ သည် ၎င်းတို့ ကမ္ဗဒ္ဒါန်းရှုနေသောဝိုင်းသို့ ဝင်ရောက်ကာ မရှုမလှသေဆုံးနေသော အလောင်းကြီးကိုကြည့်နေလေ၏။ ထိုအခါ ဦးကိုကိုကြီးက ကျွန်ုပ်အား တံတောင်ဖြင့်တွတ်ကာ . . . .

" အိုင်ဆေး.... သူများ တွေ မှတ်စုစာအုပ်တွေနဲ့ ရေးနေကြတယ်၊ ခင်ဗျားလည်း ရေးတော့လေဗျာ "ဟု တိုးတိုးပြောလေ၏။

" ဘာကိုရေးရမှာ လဲ ဦးကိုကိုကြီးရဲ့ "

ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်ရာ ဦးကိုကိုကြီးက . . . .

"ဘာရယ်တော့ ဘယ်ဟုတ်မလဲဗျာ၊ လူအထင်ကြီးအောင် မှတ်စုစာအုပ်နဲ့ ရေးခိုင်းနေတာဗျ၊ ဟိုမှာ သူများ တွေလုပ်နေတာ မတွေ့ဘူးလား " ဟု ပြောသဖြင့် ကျွန်ုပ်မှာ ပြုံးရသေးတော့၏။

ဆားပုလင်းနှင်းမောင်မှာ မူအလောင်းအနီးသို့မလာဘဲ ဇရပ်အတွင်းသို့ လှည့်ပတ်ကြည့်ရှုနေလေ၏။ထို့နောက် အတွင်းလှေကားမှ နေ၍ ဇရပ်ပေါ်သို့တက်၏။ အပေါ်ထပ်ရှိ ဇရပ်ဘေးပတ်ပတ်လည်မှ ဝရန်တာတစ်လျှောက်သို့ လျှောက်၍ ကြည့်၏။ တစ်နေရာသို့အရောက်တွင် ပြတင်းပေါက်မှန်ကလေးတစ်ချပ် မရှိသည် ကို တွေ့ရသဖြင့် အောက်သို့ငုံ့ကြည့်လိုက်ရာ သတင်းစာစက္ကူကိုကော်သုတ်၍ ကပ်ထားသော မှန်ကွဲစများကို တွေ့ရလေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုမှန်ကွဲစများ တွင် ကပ်

ထားသော သတင်းစာစက္ကူကို ခွာထားကာ အင်္ကျီအိတ်ထဲ ကောက်၍ ထည့် လိုက်လေ၏။ ထို့နောက် ဝရန်တာနှင့် အနီးဆုံး မန်ကျည်းပင်ကိုလှမ်း၍ ကြည့်ပြီးလျှင် မန်ကျည်းကိုင်းကို လှမ်း၍ ဆွဲ လိုက်လေ၏။ ထို့နောက် အောက်သို့ဆင်းသွားပြီးလျှင် မန်ကျည်းပင်ပေါ်သို့ တက်ကာ ဝရန်တာနှင့် အနီးဆုံးမန်ကျည်းပင်သို့ လှမ်း၍ ကြည့်ပြီးလျှင် မန်ကျည်းကိုင်းကို လှမ်း၍ ဆွဲ လိုက်လေ၏။ ထို့နောက် အောက်သို့ဆင်း သွားပြီးလျှင် မန်ကျည်းပင်ပေါ်သို့တက်ကာ ဝရန်တာနှင့်အနီးဆုံး မန်ကျည်းကိုင်းပေါ်သို့တက်၍ ဝရန်တာဘက်သို့ လှမ်း၍ ခုန် လိုက်လေ၏။ ကိုနှင်းမောင်လုပ်သည် ကို ကျွန်ုပ်သည် နောက်မှ နေ၍ အစအဆုံးလိုက်၍ ကြည့်နေမိသည် ။ ထို့နောက် ကိုနှင်းမောင်သည် ကျွန်ုပ်ဘက်ကိုလှည့်ကာ . . . .

" ဘယ်လိုလဲ အိုင်ပီ၊ အသုဘ ကမ္ဗဋ္ဌာန်းရှုလို့ ပြီးပြီလား"

ဟု လှမ်း၍ မေးလိုက်လျှင် ကျွန်ုပ်က . . .

" အသုဘ ကမ္ဗဋ္ဌာန်း မဟုတ်ဘူး ဗျ၊ အခု အောက်မှာ စကားငြင်းခုံတဲ့ ဝိုင်း ဖြစ်သွားပြီဗျို့၊ ကျုပ်တို့ စုံထောက်တွေ ငြင်းခုံကုန်ကြပြီ"

ဟု ပြော လိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် အတွင်းလှေကားမှ နေ၍ အောက်ထပ်သို့ ဆင်းလာ၏။ အောက်ထပ်သို့ရောက်လျှင် ကြမ်းပြင်ပေါ်မှ ခြေရာများကို ဒူးထောက်၍ ငုံ့ကြည့်နေလေ၏။ ပြီးလျှင် နံရံပေါ်သို့လှမ်း၍ ကြည့်လိုက်၏။ နံရံပေါ်တွင် သွေးဖြင့်ရေးထားသော တစ်ဖက်ပါ စာတန်းကို တွေ့ရလေ၏။

ဘုမ္မာဝတီ အရှုပ်တော်ပုံ

သွေးဖြင့်ရေးထားသော စာလုံးများမှာ ညီညာလှပခြင်းမရှိလှပေ။ သွေးများ စီးကျနေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုစာများကို အနီးမှ တစ်ဖန် အဝေးမှ တစ်ဖန်သေချာစွာ ပြန်ကြည့်၏။ ထို့နောက် လူသေအလောင်းကို သွားကြည့်၏။ လူသေအလောင်းမှာ အရပ်မြင့်မြင့်၊ ဥပဓိရုပ်သန့်ပြန့်သော လူလတ်ပိုင်းအရွယ် လူတစ်ယောက် ဖြစ်၏။ ဝတ်ဖြူစင်ကြယ် ဝတ်ထား၏။ လက်တွင် ပုတီးပတ်ထား၏။ ပုတီးမှာ ကြေးဖြင့်လုပ်ထားသော ပုတီး ဖြစ်၏။ ပုတီးကွင်း၏ တစ်နေရာတွင် ကြိုးနီစကလေး တစ်စဖြင့် ချည်ထားသဖြင့် ဆားပုလင်းနှင်းမောင်သည် ကြိုးနီစလေးကိုဖြုတ်၍ ပုတီးစိပ်ကြည့်၏။ ထို့နောက်သေဆုံးသူ၏ နဖူးပေါ်မှ သွေးဖြင့်ဝိုင်းထားသော စက်ဝိုင်းကို သေချာစွာကြည့်၏။ ပြီးလျှင် ဆားပုလင်းနှင်းမောင်သည် မှတ်စုစာအုပ်မှ စာရွက်ကလေးကိုဖြဲယူကာ ၎င်း၏ မီးခြစ်အတွင်းမှ ဓာတ်ဆီစိုနေသော ဂွမ်းစကို ထုတ်၍ ခါပြီး စက္ကူတွင် လျှောက်၍ ပွတ်၏။ ထို့နောက် ထိုစက္ကူကို သေသူ၏ နဖူးပေါ်သို့ ကပ် လိုက်လေ၏။ ကြည့်ပြီးနောက် မှတ်စုစာအုပ်အတွင်းသို့ ပြန်၍ ညှပ်ကာ စာအုပ်ကို ကုတ်အင်္ကျီအိတ်တွင်းသို့ ထည့် လိုက်လေ၏။

ထို့နောက် လူသတ်သမားသည် နံရံပေါ်သို့ သွေးပေသောလက်ဖြင့် အားပြုကာ ထောက်၍ ထလိုက်သောကြောင့် ထင်၍ ကျန်နေခဲ့သော လက်ဝါးပုံစံကို လှမ်း၍ ကြည့် လိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် စာရွက်တစ်ရွက်ကို ထုတ်ပြန်၏။ ဓာတ်ဆီဝနေသော ဂွမ်းဖြင့် စာရွက်ကိုသုတ်လေ၏။ ထို့နောက် ထိုလက်ဝါးပုံသဏ္ဍာန်တွင် သွား၍ ကပ်ပြန်၏။ တအောင့်မျှကြာလျှင် ထိုစက္ကူကိုခွာယူကြည့်လိုက်ရာ စက္ကူပေါ်တွင် သွေးဖြင့်နှိပ်ထားသော လက္ခဏာပုံစံတစ်ခုကိုတွေ့ရလေတော့၏။

ဆားပုလင်းနှင်းမောင်သည် ထိုလက်ပုံစံကိုကြည့်ပြီးနောက် ပြုံး လိုက်လေ၏။ ကျွန်ုပ်က ၎င်းအနီးသို့ကပ်၍ . . . .

" အိုင်ဆေး . . . ဘာပြုံးတာလဲ "

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

" လွန်ခဲ့တဲ့ နှစ်ပေါင်း ( ၃၀ ) လောက်တုန်းက လန်ဒန်မြို့ ဘရော့ဒ်ဝေး လမ်းမကြီးမှာ လူသတ်မှုတစ်ခုဖြစ်ခဲ့ဖူးတယ်၊ ရာသီကလည်း ဆောင်းရာသီဗျ၊ အသက် ( ၅၀ ) လောက်ရှိတဲ့ လူကြီးတစ်ယောက်က တိုက်နံရံတစ်ခုဘေးမှာ ဓားဒဏ်ရာကြီးနဲ့ ပိုးလိုးပက်လက် သေနေတာဗျို့၊ အဲ့ဒီမှာ စကော့တလန်ယာဒ် က စုံထောက်ကျော်တွေလည်း အခုအတိုင်းပေါ့ဗျာ၊ အလောင်းကြီးပတ်ပတ်လည်မှာ ဝိုင်းဝိုင်းလည်နေတာပေါ့၊ အဲ့ဒီဘေးမှာ လူတွေက အုံနေတာပေါ့ဗျာ၊ အဲ့ဒီထဲမှာ လူတစ်ယောက်က လူသတ်သမားဟာ သွေးပေတဲ့ လက်နဲ့ နံရံကိုအားပြုပြီး ထောက်သွားလို့ ထင်ကျန်ရစ်ခဲ့တဲ့ လက်ပုံကို အနီးကပ်လေ့လာနေတယ်ဗျို့၊ ပြီးတော့ သူ့မှာ မှန်ဘီလူးတစ်လက်လည်း ပါလေတော့ မှန်ဘီလူးလေးကိုထုတ်ပြီး လက်ပုံကိုကြည့်နေတယ်ဗျို့၊ စကော့တလန်ယာဒ်စုံထောက်တွေကလည်း လူသတ်သမား ဘယ်သူဘယ်ဝါဆိုတာတောင် မပြောနိုင်ဘူးဗျို့၊ အဲ့ဒီအခါမှ စောစောက လက်ဝါးပုံကိုကြည့်နေတဲ့ အရပ်သားတစ်ယောက်က "ဟောဒီလက်ဟာလူသတ်သမားရဲ့ လက်ပဲ၊ ဒီလူသတ်သမားဟာ ဆွေကြီးမျိုးကြီးထဲကပဲ "လို့ ပြောပြီး သေဆုံးသူရဲ့ လက်ဝါးကို သွားပြီးဖြန့်ကြည့်တယ်၊ ပြီးတော့ "ဟောဒီ သေဆုံးသူဟာလည်း သာမန်သူလိုကိုယ်လိုလူ မဟုတ်ဘူး ဗျို့၊ "ကောင့်"မျိုးရိုးထဲက ဖြစ်မယ်လို့ ဟောဒီကံလမ်းကြောင်းကြီးဆိုတဲ့ လမ်းကြောင်းကြီးက ဖော်ပြနေတယ်။ ပြီးတော့ အသက်လမ်းကြောင်းကိုဖြတ်ပြီး ထွက်နေတဲ့ လမ်းကြောင်းဟာလည်း ဆွေမျိုးသားချင်းရဲ့ လက်ချက်နဲ့ အသက်ဆုံးမယ်လို့ ဖော်ပြထားတယ်၊ သတ်တဲ့ လူနဲ့ သေတဲ့ လူဟာ ဆွေမျိုးရင်းချာတွေဗျ "လို့ ပြောလိုက်တယ်၊ အဲ့ဒီအခါမှာ စကော့တလန်ယာဒ် အဖွဲ့တွေက" ကောင့်စာရင်း

" ဟောင်းကိုသွားပြီး လှန်ကြတော့တာပေါ့။ အဲဒီလိုလှန်ကြည့်လိုက်ရင်ပဲ သေဆုံးသူအဘိုးကြီးဟာ ကောင့်ဘွဲ့ရထားတဲ့ ဆွေကြီးမျိုးကြီးတစ်ဦးဆိုတာ သိရတော့တာပဲ၊ ပြီးတော့ အဲ့ဒီကနေပြီး လိုက်လိုက်တာဟာ လူသတ်သမားဟာ တစ်ခြားလူ မဟုတ်ဘူး ဗျို့၊ ကောင့်ဘွဲ့ရထားတဲ့ လူကြီးရဲ့ တူအရင်းဖြစ်နေတယ် "

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် ဦးကိုကိုကြီးက . . . .

" အဲ့ဒီလူ တယ်တော်လှချေလားဗျ၊ စုံထောက်တွေထက်တောင် တော်နေပေါ့လားဗျ" ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . . . .

" တော်ဆိုရင် တော်ရမှာ ပေါ့ဗျာ၊ ဒီလူဟာနောင်တစ်ချိန်မှာ ကမ္ဘာကျော် လက္ခဏာဆရာဖြစ်လာမယ့် ကိုင်ရိုဗျ၊ အဲ့ဒီတင်မှာ ပဲ သတင်းထောက်တွေက ရေးကြတော့တာပဲ၊ စကော့တလန်ယာဒ် စုံထောက်တွေက မဖော်နိုင်တာကို လက္ခဏာတတ်ကျွမ်းသူ ကိုင်ရိုက ဖော်ထုတ်ပေးလိုက်လို့ စကော့တလန်ယာဒ်က စုံထောက်တွေ တရားခံမဖော်နိုင်တဲ့ လူသတ်မှုကြီးပေါ်ပြီဆိုပြီး သတင်းစာမှာ ရေးတော့တာကိုး၊ အဲ့ဒီမှာ ကိုင်ရိုဟာ ကျော်ကြားတော့တာပဲဗျို့၊ တောလည်း တော် ကျော်လည်း ကျော်တဲ့ လူစားမျိုးပဲဗျို့၊ ကျုပ်လည်း ကိုင်ရိုလို လက္ခဏာတတ်ရင်တော့ ဟောဒီလက္ခဏာကိုကြည့်ပြီး တရားခံကိုတန်းပြီး လက်ထိပ်ခတ်နိုင်မှာ ပဲ၊ ဒါပေမဲ့ ကျုပ်ပြောနိုင်တဲ့ အချက်နှစ်ချက်တော့ ရှိတယ်ဗျ၊ လူသတ်သမားဟာ ဉာဏ်လမ်းကြောင်း နှစ်ထပ်ပါတယ်ဆိုတော့ ဉာဏ်ရည်ဉာဏ်သွေးကောင်းတဲ့ လူတစ်ယောက်ပဲ၊ ပြီးတော့ အသက်ကူလမ်းကြောင်းဘေးမှာ လွှမ်းရောင်ခြည် လမ်းကြောင်းလေးတစ်ခုပါတယ်ဗျ၊ ဘယ်တော့မှ မရတဲ့ မိန်းမကို တစ်သက်လုံးလွှမ်းနေရမယ့် လူစားမျိုးပဲဗျို့၊ ပြီးတော့ အသက်လမ်းကြောင်းရဲ့ ထိပ်မှာ

ကြက်ခြေခတ်ပါနေတယ်၊ ဘာပဲပြောပြော ဒီငတိတော့ ကြိုးစင်တင်ရမယ်ဗျို့၊ နောက်တစ်ခုပြောနိုင်တာ ရှိသေးတယ်ဗျ၊ လက်မက အရစ်ကလေးဟာ ကြာသပတေးဂြိုဟ်ခုံရဲ့ တစ်ဝက်ကို ရောက်နေတယ်၊ အဖေထက်သာတဲ့ သားမျိုးပဲဗျ " အတိဇာတ " သားမျိုးပေါ့ဗျာ၊ နောက်တစ်ခုက လက်ဖနှောင့်မှာ တြိဂံကွက်ကလေး တွေ့တယ်ဗျို့၊ ဒီအချက်ဟာ မျိုးရိုးစဉ်ဆက်အမွေကိုရမယ့် အမှတ်အသားပဲ၊ နောက်တစ်ခုက မာကျူရီနဲ့ မွန်းနဲ့ ဆက်ထားတဲ့ လမ်းကွေးကွေးလေးတစ်ခုပါတယ်ဗျ၊ အဲ့ဒီလမ်းကြောင်းဟာ အာရုံထူးတစ်ခု ဒါမှ မဟုတ်ရင် " အင်ကျူရေးရှင်း " ရထားတဲ့ လူတစ်ယောက်ပဲဗျ၊ ပြီးတော့ သူ့ရဲ့ အောင်မြင်ရေးလမ်းကြောင်းဟာ နှစ်ခုပါနေတယ်ဗျ။ အောင်မြင်ကျော်ကြားမယ့် လက္ခဏာဖြစ်နေတယ်၊ အခု ကျုပ်ပြောတာတွေက စုံထောက်ပညာနဲ့ မဆိုင်ပါဘူးဗျာ၊ ကျုပ်အပျင်းပြေ လျှောက်ပြီးပြောတာပါ၊ လက္ခဏာဆရာတစ်ယောက်သာဆိုရင် ဒီလိုပြောမယ်လို့ ကျုပ်ပြောချင်တာပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက . . .

" ကိုနှင်းမောင်ကတော့ ဘယ်ဘက်မဆို တီးမိ ခေါက်မိရှိပါပေတယ်ဗျာ "

ဟု ပြော လိုက်လေ၏။ ထိုအခါ၌ စုံထောက်ကိုလှစိန်က . . .

"သေတဲ့ လူဟာ သူတော်ကောင်းတစ်ယောက်ဖြစ်တယ်ဗျ၊ ဘာကြောင့် လည်း ဆိုတော့ လက်မှာ ပုတီးစွပ်ထားတယ်၊ ပိတ်ဖြူစင်ကြယ်ဝတ်ထားတယ်၊ ဒီမှာ လည်း အဓိဋ္ဌာန် လာဝင်နေတာဖြစ်မယ်၊ ပြီးတော့ . . . " ဟု အစချီလိုက်ရာ ကိုတင်ဝင်းက . . . .

" ဒါကတော့ ကလေးတောင်သိတယ် ကိုစိန်လှရေ "

ဟု ပြောလိုက်ရာ ကိုစိန်လှ ရှိုးတို့ ရှန့်တန့် ဖြစ်သွားကာ မျက်နှာနီမြန်းသွားလေ၏။ ထို့ကြောင့် ကိုစိန်လှက .....

"ဒီလိုဆိုရင် ကိုတင်ဝင်းပြောစမ်းပါဦး "

ဟု ဒေါ်နှင့် မောနှင့် ပြော လိုက်လေ၏။ ထိုအခါ ကိုတင်ဝင်းက ....

" ပြောဆိုလည်း ပြောရတာပေ့ါဗျာ၊ ဘုမ္မာဝတီဆိုတဲ့ သွေးနဲ့ ရေးထားတဲ့ နံရံပေါ်က စာကို စပြီးပြောမယ်၊ ဘုမ္မာဝတီဆိုတာ ကျုပ်ကောင်းကောင်း သိတယ်၊ စက်လှေတစ်စီးရဲ့ နာမည်ဗျ၊ စက်လှေကို ဘယ်သူတွေ အများ ဆုံးထောင်သလဲဆိုရင် မြိတ်က လူတွေ အများဆုံးထောင်တယ်၊ အဲ့ဒီတော့ သေတဲ့ လူဟာ မြိတ်သားဖြစ်ရမယ်၊ သတ်တဲ့ လူကလည်း စက်လှေမှာ အလုပ်လုပ်တဲ့ လူပဲဖြစ်ရမယ်၊ သတ်ခံရတဲ့ လူက အေးအေးဆေးဆေး တရားလာဝင်လို့ ရတယ်ဆိုတော့ ပိုင်ရှင်ဖြစ်မှာ ပေ့ါဗျ၊ သတ်တဲ့ လူက ဆလင်တို့ ၊ ရေပက်ကြိုးချည် စူကာနီမျိုး ဖြစ်မှာ ပေ့ါဗျာ" ဟု ပြောလိုက်လျှင် ဘိလပ်ပြန်ဆရာစိန်က ....

" ကဲ ... ဒီလိုဆိုရင် ကျုပ်တစ်ခုပြောမယ်၊ မြိတ်က စက်လှေသူဌေးနဲ့ လှေက စူကာနီက ငါးထပ်ကြီးဇရပ်မှာ ကတ်သီးကတ်သတ် လာပြီး သတ်ကြသတဲ့ လားဗျာ၊ မြိတ်မှာ လည်း ဇရပ်တွေရှိသားပဲ၊ ခင်ဗျားတို့ ချော်နေတဲ့ အချက်ကလေးတစ်ချက်ပြောပြမယ်၊ ဟောဟိုမှာ ထမင်းချိုင့် မြင်လား၊ ကျုပ်ထမင်းချိုင့်ထဲက ဟင်းကျန်တွေကို ကြည့်ပြီးပြီ၊ ပဲဟင်းတစ်ခွက်၊ ကြက်ဟင်းခါးသီးကြော်တစ်ခွက်၊ ခရမ်းသီးနှပ်တစ်ခွက်ပါတယ်ဗျ ၊ ဒါပေမဲ့ သက်သက်လွတ်တွေဗျ၊ ဒ့ါကြောင့် သေဆုံးသူဟာ တကယ်ကို သက်သက်လွတ်စားပြီး အဓိဋ္ဌာန်ဝင်နေတဲ့ လူဆိုတာတော့ မငြင်းနိုင်ပါဘူး၊ ဒါပေမဲ့ ထမင်းပို့တဲ့ လူဟာ ပြန်လာတဲ့ အခါမှာ ထမင်းချိုင့်ပြန်ယူသွားရမယ်၊ ဘာလို့ လဲဆိုတော့ နောက်တစ်နေ့လာပို့ဖို့ ချိုင့်လိုတယ်မ

လား၊ ဒါပေမဲ့ ချိုင့်ကို ပြန်ယူမသွားပုံထောက်ရင် လူသတ်သမားဟာ တစ်ခြားလူမဖြစ်နိုင်ဘူး၊ ထမင်းလာပို့တဲ့ လူပဲဖြစ်ရမယ် "

ဟု ပြော လိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . . ..

" ဘိလပ်ပြန်တို့ စဉ်းစားလိုက်ရင် အတော့်ကို စိတ်ဝင်စားစရာကောင်းသားပဲ၊ အမိဋ္ဌာန်ဝင်တဲ့ လူကို ထမင်းလာပို့တယ်၊ ထမင်းကျွေးပြီးတော့မှ သတ်တယ်၊ ပြီးတော့ ငါးဆင့်ချိုင့်ကို အသေအချာ ပြန်ဆင့်ထားခဲ့သလားဗျာ၊ လူသတ်သမားဟာ တော်တော်ကို ယဉ်ကျေးသိမ်မွေ့တာပဲ ၊ ဟေ . . . . .ဟေ့ "

ဟု လှောင်ရယ် ရယ်လိုက်ရာ ဘိလပ်ပြန်ဆရာစိန်သည် စိတ်ဆိုး၍ သွားလေတော့၏ ။ ထိုအခါ ဘိလပ်ပြန်ဆရာစိန်က . . . .

" ကဲ . . . . သူများ တွေကို လှောက်ပြီး ကဲ့ရဲ့ မနေနဲ့ ၊ ခင်ဗျား ပြောစမ်းပါဦး " ဟု ဆိုလေတော့၏။ ထိုအခါ ဦးကိုကိုကြီးက . . . .

" ကျုပ်ရယ်၊ ဟောဒီက ဦးအောင်သင်းရယ်ဟာ ဘာမှ ပြောစရာမလိုဘူး၊ ဆားပုလင်းနှင်းမောင်ဖြေလိမ့်မယ်၊ ရိုးရိုးသားသား ဝန်ခံရရင် ကျုပ်ရယ်၊ ဟောဒီက ဦးအောင်သင်းရယ်ဟာ ဆားပုလင်းနှင်းမောင်လောက်မတတ်ဘူး၊ အဲ့ဒီတော့ ကိုနှင်းမောင်ရယ် . . တစ်ကွက်လောက် ပြောလိုက်စမ်းပါဗျာ၊ နားထောင်ကြပါလေ "

ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က . . .

" လူသတ်သမားဟာ အလွန်ဖျတ်လတ် သွက်လက်တဲ့ လူတစ်ယောက်ဖြစ်တယ်၊ အတိအကျပြောရရင် ဘားကျွမ်းကစားဖူးတဲ့ လူတစ်ယောက်ဖြစ်လိမ့်မယ်၊ ဗန်တို ဗန်ရှည် ဖြစ်စေ၊ အခြားကိုယ်ခံပညာဖြစ်စေ ကောင်းကောင်း တတ်တယ်၊ အသက်သုံးဆယ်ကျော်တဲ့ လက္ခဏာ မ

တွေ့ဘူး၊ အရပ် ( ၅ )ပေ ( ၁၀ ) လက်မလောက်ရှိတယ်၊ အသတ်ခံရတဲ့ လူဟာလည်း လူညံ့တစ်ယောက်တော့ မဟုတ်ဘူး ၊ မသေခင်မှာ သူတင် ကိုယ်တင် တိုက်ခိုက်ကြသေးတယ်၊ ပြီးတော့ ဓားနဲ့ ထိုးသတ်သွားတာ မ ဟုတ်ဘူး ၊ ရင်ဘတ်က ဒဏ်ရာမှာ ဓါးနဲ့ ထိုးခံထားရတဲ့ ဒဏ်ရာ မဟုတ် ဘူး ၊ အဝကျယ်တယ်၊ အဖျားရှူးသွားတယ်၊ ချွန်ချွန်လုံးလုံးရှည်ရှည် လ က်နက်တစ်ခုနဲ့ ထိုးသွားတာ၊ ရှေးဟောင်းအတော်ကျတဲ့ အဖြစ်အပျက် တစ်ခုနဲ့ ပတ်သက်ပြီး အငြိုးအမှတ်နဲ့ သတ်သွားတာ၊ ပြီးတော့ ဘုမ္မာဝ တီဆိုတာ စက်လှေတစ်ခုရဲ့ နာမည်လို့ စဉ်းစားဖို့ ထက် မင်းတုန်းမြို့ရဲ့ အတိတ်ကနာမည်လို့ စဉ်းစားရင် ပိုပြီးတော့ သင့်တော်မယ်ထင်တယ်၊ အဲဒီတော့ ရာဇဝင်နောက်ကြောင်းခံတစ်ခုပေါ်မှာ မကျေမနပ်ဖြစ်ပြီး တော့ တစ်ယောက်ကိုတစ်ယောက် အငြိုးကြီးစွာနဲ့ သတ်ခဲ့တဲ့ လူသတ်မှု ပဲဗျ၊ နံရံပေါ်မှာ စာရေးသွားတဲ့ သဘောကတော့ လူသတ်သမားဟာ နောက်ထပ်သတ်ရမယ့်လူတွေကို စိန်ခေါ်သွားတာလည်း ဖြစ်နိုင်တယ်၊ နောက်တစ်ချက်က သူ့ရဲ့ နောက်ကလူတွေကို သတ်ပြီးကြောင်း အသိ ပေးသွားတာလည်း ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ဟာ သူ့ကိုမဖ မ်းမိချိန်မှာ သူဟာလူသတ်မှုတစ်ခုကို ကျူးလွန်လိမ့်ဦးမယ်၊ ကျုပ်ပြောနို င်တာကတော့ အဲဒီလောက်ပဲရှိသေးတယ်၊ ကဲ.... ဦးအောင်သင်းရေ.... ကျုပ်တို့ သွားကြစို့ "

ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် ဂလေစီယာခေါ် ရေခဲတောင် တံဆိပ်စီးကရက်ကို မီးညှိရှိုက်ဖွာရင်း ခြေလှမ်းကျဲကြီးများ ဖြင့် ရှေ့မှ ထွက်သွားသောကြောင့် ကျွန်ုပ်နှင့် ဦးကိုကိုကြီးမှာ ပုကွပုကွနှင့် နောက် မှ လိုက်ခဲ့ရလေတော့သတည်း။

*